ကြေးမုံ
The Mirror
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်၊ တနင်္ဂနွေနေ့၊ (18-2-2007) (၅၂၃၇)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စု စိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း အမှတ်(၁)နှင့်အမှတ်(၂) ဓာတ်အားပေးစက်ရုံ လောပိတကြည့်ရှုစစ်ဆေး စက်များချွတ်ယွင်းမှုမရှိစေရေးအတွက် တာဝန်ရှိသူအသီးသီးက အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက်ရန်မှာကြား လွိုင်ကော်တက္ကသိုလ် ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ကယားပြည်နယ် လွိုင်ကော်မြို့၌ ရောက်ရှိနေသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေး၊ ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွှန့်တင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ လိုက်ပါလျက် ဖေဖော်ဝါရီ ၁၆ ရက် နံနက် ၉ နာရီတွင် လွိုင်ကော်မြို့မှ မော်တော်ယာဉ်များဖြင့် လွိုင်ကော်–လောပိတလမ်းအတိုင်း ထွက်ခွာလာကြရာ လွိုင်ကော်မြို့ အရှေ့တောင်ဘက် ၁၀ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာကမ်းဘက်၌ အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက တည်ဆောက်ထားသော ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံ လောပိတသို့ ရောက်ရှိကြပြီး စက်ရုံအတွင်း စက်များ လည်ပတ်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်ကော်မြို့ ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ လောပိတတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြိုဆို

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ အရှေ့ဘက် ၁၄ မိုင်ခန့်အကွာ ဘီလူးချောင်း၏ လက်ယာဘက်ကမ်း၌ ရေအားလျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းက တည်ဆောက်ထားသော ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံလောပိတသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် စက်ရုံအတွင်းမြေညီထပ်၌ စက်များလည်ပတ်နေမှုနှင့် ပထမထပ်ရှိ ထိန်းချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူး ဦးဟုတ်ရှိန်က လိုက်လံရှင်းလင်းပြသပြီး စက်များ အပျက်အစီးနည်းပါးကာ လျှပ်စစ်ဓာတ်အားအပြည့်အဝဖြင့် မှန်မှန်ပို့လွှတ်နိုင်မှု အခြေအနေ၊ စက်ချွတ်ယွင်းမှုပေါ်ပေါက်ပါက အချိန် ၄နာရီ ၅ နာရီအတွင်း ပုံမှန်ပြန်လည် လည်ပတ်နိုင်ရေး ပြုပြင်စီမံဆောင်ရွက်နိုင်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ မှာကြားသည်။

မှာကြား

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ လောပိတဧည့်ရိပ်သာသို့ ရောက်ရှိပြီး ဧည့်ရိပ်သာ၌ စက်ရုံမှူး ဦးဟုတ်ရှိန်က Water Way System လုပ်ငန်း အဆင့်ဆင့်ဆောင်ရွက်ပုံ၊ စက်ရုံစတင်တည်ဆောက်ချိန်မှ ယနေ့အထိ အဆင့်ဆင့် တိုးတက်ဆောင်ရွက်ခဲ့မှုအခြေအနေများကို **စာမျက်နှာ ၃ ကော်လံ ၁ သို့** *

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၈-၂-၂၀၀၇
(တနင်္ဂနွေနေ့)

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

တည်ငြိမ်အေးချမ်းသာယာမှုများ အလေးထား ငြိမ်းချမ်းရေးအောင်ပွဲများ ထာဝရတည်ဆောက်

မြန်မာနိုင်ငံတွင် တိုင်းရင်းသားမျိုးနွယ်စုပေါင်း တစ်ရာကျော်တို့သည် လူမျိုးတစ်မျိုးနှင့်တစ်မျိုး ကျဉ်းမြောင်းသည့် လူမျိုးရေးစိတ်ဓာတ်များကိုပယ်ခွာပြီး မိသားစုစိတ်ဓာတ်အခြေခံဖြင့် သိုက်သိုက်ဝန်းဝန်း ချစ်ချစ်ခင်ခင် နေထိုင်လျက်ရှိကြသည်။

နိုင်ငံတော်က တိုင်းရင်းသားလူမျိုးများအားလုံး၏ အကျိုးကို ရှေးရှုပြီး ဒေသတစ်ခုချင်းမှသည် ပြည်ထောင်စုတစ်ဝန်းလုံး၌ ဖွံ့ဖြိုးရေးစီမံကိန်းများကို ချမှတ်ဖော်ဆောင်လျက်ရှိရာ နယ်မြေဒေသ အစိတ်အပိုင်းအလိုက် ဖွံ့ဖြိုးတိုးတက်မှုများရရှိနေပြီဖြစ်သည်။ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ရှမ်းပြည်နယ်နှင့် အခြားပြည်နယ်အသီးသီးရှိ ငြိမ်းချမ်းရေး ရယူခဲ့သည့် ဒေသများမှ ဒေသခံပြည်သူများသည် ငြိမ်းချမ်းရေး၏ အသီးအပွင့်များကို ရရှိခံစားနေကြရပြီဖြစ်သည်။

ယင်းသို့သော အခြေအနေအချိန်အခါကောင်းတွင် နိုင်ငံတော်၏ စေတနာ၊ ငြိမ်းချမ်းသာယာဝပြောရေးနှင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းချက်များကို ယုံကြည်လက်ခံ တန်ဖိုးထားသည့် ကရင်အမျိုးသားအစည်းအရုံး (KNU)/ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော်(KNLA) ငြိမ်းချမ်းရေးကောင်စီတပ်မဟာ(၇)တပ်မဟာမှူး ဗိုလ်ချုပ်ဌေးမောင် ခေါင်းဆောင်သည့် တပ်ဖွဲ့ဝင်အင်အားစုများက ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ငြိမ်းချမ်းရေးအောင်ပွဲ ဆင်နွှဲခဲ့ကြပြီဖြစ်သည်။

မြန်မာနိုင်ငံတစ်ဝန်း ငြိမ်းချမ်းသာယာဝပြောမှုများ လွှမ်းခြုံရရှိစေရေး အဘက်ဘက်က ကြိုးပမ်းဖော်ဆောင်လျက်ရှိချိန်တွင် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ခြယ်လှယ်လိုသော နိုင်ငံကြီးအချို့နှင့် ပြည်တွင်း ပြည်ပ အဖျက်သမားများက ရှမ်းတိုင်းရင်းသူ၊ ကရင်တိုင်းရင်းသူများနှင့် စပ်လျဉ်းသည့် လုပ်ကြံအစီရင်ခံစာတင်သွင်းမှု၊ ဘာသာရေးကို ခုတုံးလုပ် အမြတ်ထုတ်လုပ်ဆောင်မှု၊ အရွယ်မရောက်သေးသည့် ကလေးသူငယ်များအား စစ်မှုထမ်းဆောင်စေမှု စသည့်လုပ်ကြံမှု အမျိုးမျိုးဖြင့် နိုင်ငံတကာမှ အထင်အမြင်လွဲမှားစေရန် ကြံစည်လုပ်ဆောင်နေကြဆဲဖြစ်သည်။

ယနေ့ကာလတွင် တိုင်းရင်းသားပြည်သူအားလုံးက စည်းလုံးညီညွတ်မှုကို အခြေခံသည့် ငြိမ်းချမ်းရေးလမ်းသစ်များ ဖောက်လုပ်၍ မေတ္တာပေါင်းကူးတံတားများ တည်ဆောက်နေပြီဖြစ်ရာ မည်သို့သော ပြည်တွင်း ပြည်ပ အဖျက်သမားများက လုပ်ကြံဖန်တီး သွေးထိုးလာသည်ဖြစ်စေ ကရင်ပြည်နယ်အပါအဝင် နယ်မြေဒေသအားလုံး ငြိမ်းချမ်းရေးအောင်ပွဲများ ထာဝရဖြစ်တည် ထွန်းကားလာနိုင်မည်ဟု ယုံကြည်ပါသည်။ ။

နှစ်ဖက်သောမိဘများအား အမှူးထား၍ ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၂)ရပ်ကွက် ဆင်ရေတွင်း(၁)လမ်းနေ ဦးတင်အေး-ဒေါ်ဖြူဖြူအေး၊ သမီး အေးငြိမ်းစံ မိသားစုက ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် ငွေကျပ်ငါးသိန်းကို အနုနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ-နိ (ရန်ကုန်ဌာန) ဥက္ကဋ္ဌ သီဟသုဓမ္မ မဏိဇောတဓရ ဆင်မင်းဦးတင်ရွှေထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

နေပြည်တော် ပရဆေးဥယျာဉ်တိုးချဲ့မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေး ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

နေပြည်တော်ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေးကို ယမန်နေ့ မွန်းလွဲ ၁နာရီတွင် နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အမျိုးသားကျန်းမာရေးကော်မတီ အစည်းအဝေးခန်းမ၌ကျင်းပရာ နေပြည်တော်ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် နေပြည်တော် ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေး ဗဟိုကော်မတီ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အဆိုပါ အစည်းအဝေးသို့ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်သော ဒေါက်တာမြဦးနှင့် ဒေါက်တာပိုင်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း၊ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများ၊ ဝန်ကြီးဌာနများမှ ဖိတ်ကြားထားသူများ၊ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီး ဒေါက်တာကျော်မြင့်က အဖွင့်အမှာစကား ပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ နေပြည်တော်ပရဆေးဥယျာဉ် တိုးချဲ့အဆင့်မြှင့်တင်ရေး လုပ်ငန်းများကို ၂၀၀၆ ခုနှစ် စက်တင်ဘာလမှ စတင်၍ ဝန်ကြီးဌာနများ ပူးပေါင်းပြီး ဆောင်ရွက်လာခဲ့ရာ ယခုအခါ အတော်အသင့် ရုပ်လုံးပေါ်လာပြီဖြစ်ကြောင်း၊ စိုက်ပျိုးထားသည့် အပင်များရှင်သန်မှုသည် ရာသီဥတု၊ ရေမြေသဘာဝနှင့် ဥယျာဉ်မှူးတို့၏ ပြုစုပျိုးထောင်မှုပေါ်တွင် များစွာ မူတည်ကြောင်းကို ဥယျာဉ်လုပ်ငန်း လက်တွေ့လုပ်ဆောင်နေသူ တာဝန်ရှိပုဂ္ဂိုလ်များ အသိပင်ဖြစ်၍ ဂရုပြုဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား ပြောကြားလိုပါကြောင်း။

ရှေ့လာမည့်ကာလများသည် နွေဦးရာသီ ရောက်ရှိလာပြီဖြစ်၍ ရေလုံလောက်စွာရရှိရေး၊ တောမီးမလောင်စေရန်အတွက် မီးတားလမ်းများ ဆောင်ရွက်ရေး၊ မီးကြွင်းမီးကျန် ဂရုပြုရေး၊ သစ်ရွက်ခြောက်များ ရှင်းလင်းရေးတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နေပြည်တော် ပရဆေးဥယျာဉ်ကြီးကို နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် အကြံကောင်း ဉာဏ်ကောင်းများ ပေးကြပါရန် မေတ္တာရပ်ခံကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နေပြည်တော် ပရဆေးဥယျာဉ် တိုးချဲ့မြှင့်တင်ရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပိုင်စိုး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြပြီး တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ညွန့်က နေပြည်တော် ပရဆေးဥယျာဉ် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာမှုကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဝန်ကြီး ဒေါက်တာကျော်မြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်) နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ကျောက်ပန်းတောင်းမြို့နယ်အသင်း (ရန်ကုန်)၏ နှစ်ပတ်လည်အစည်းအဝေး ဂုဏဝိသိဋ္ဌ ပူဇော်ပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲအခမ်းအနားကို မတ် ၄ ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက်၊ ကျောက်ပန်းတောင်း ပရိယတ္တိစာသင်တိုက်၌ ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ဆက်ကပ်လှူဒါန်းသည့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ ကျောက်ပန်းတောင်းဇာတိ ဆရာတော်ကြီး ခုနစ်ပါးနှင့် သီလရှင် တစ်ပါးတို့အား ပူဇော်ပြီး ဂုဏ်ထူးဆောင်တံဆိပ် ချီးမြှင့်ခံရသော လူပုဂ္ဂိုလ်များအား ထပ်ဆင့်ဂုဏ်ပြုကာ ပညာရည်ချွန်ဆုအတွက် ပါရဂူဘွဲ့ရသူများ၊ ၂၀၀၆ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ကြသော အသင်းဝင်များ၏ သားသမီးများအား ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်သည်။

နှိုးဆော်ထား

ရန်ကုန်ရောက် မြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ၊ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြပါရန်နှင့် ပညာရည်ချွန်ဆုအတွက် အမှတ်စာရင်း အထောက်အထားမိတ္တူများကို ဦးမောင်မောင် ဖုန်း- ၅၈၀၇၁၄၊ ဦးဇော်လင်း ဖုန်း-၅၇၂၁၆၂၊ ဦးကျော်ရန် ဖုန်း-၅၈၄၁၉၅၊ ဦးမောင်မောင်လှ ဖုန်း-၃၈၄၅၆၇၊ ဦးမြင့်လွင် ဖုန်း-၅၁၀၄၅၂၊ ဦးအေးလွင် ဖုန်း-၆၆၆၄၅၆ တို့ထံ ပေးပို့ကြရန် နှိုးဆော်ထားသည်။ (က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ဖြစ်မြောက်ရေးကော်မတီ (ရွှေသိင်္ဂီရတနာဓမ္မာရုံ၊ ၉၈၊ ရွှေဘုံသာလမ်းအောက်၊ ပန်းဘဲတန်းမြို့နယ်) သို့ ဦးခင်မောင်ဆယ်၊ ဆောက်လုပ်ရေးအထူးအဖွဲ့(၇)ထံမှ ပေးပို့လှူဒါန်းငွေကျပ်တစ်သိန်းအား ဘဏ္ဍာရေးမှူး ဦးမျိုးထွဋ် လက်ခံယူစဉ်။ (က-ပ)

✱ ရှေ့ဖုံးမှ

ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဤစက်ရုံသည် လျှပ်စစ်ဓာတ်အားနှင့် ပတ်သက်၍ နိုင်ငံတော်က အားထားရသော စက်ရုံဖြစ်ရာ စက်များ ချွတ်ယွင်းမှုမရှိစေရေးအတွက် တာဝန်ရှိသူအသီးသီးက အထူးဂရုပြု ထိန်းသိမ်းစောင့်ရှောက်ရေး၊ ပြည်သူများ လိုအပ်ချက်အတိုင်း လျှပ်စစ်ဓာတ်အား အပြည့်အဝသုံးစွဲနိုင်ရေးတို့အတွက် စေတနာထား၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ရေး မှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စက်ရုံမှူးဦးဟုတ်ရှိန်အား လက်ဆောင်ပစ္စည်းပေးအပ်သည်။

ဘီလူးချောင်း အမှတ်(၂) ဓာတ်အားပေးစက်ရုံ လောပိတကို ၁၉၆၀ ပြည့်နှစ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီး နိုင်ငံတော်တွင် ယနေ့အထိ အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံဖြစ်သည်။ နိုင်ငံတော်ဓာတ်အားပေးစနစ်တွင် လိုအပ်သော ဓာတ်အားများကို ၂၄ နာရီထုတ်လုပ်လျက် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းဖြင့် တောင်ငူ၊ ရန်ကုန် စသောမြို့ကြီးများသို့လည်းကောင်း၊ ၁၃၂ ကေဗွီ ဓာတ်အား လိုင်းဖြင့် ကလော၊ တောင်ကြီး၊ သာစည်၊ မန္တလေးမြို့များသို့လည်းကောင်း ပို့လွှတ်ပေးလျက်ရှိရာ နှစ်စဉ် ဓာတ်အားထုတ်လုပ်မှုမှာ ယူနစ်သန်းပေါင်း ၁၂၀၀ ဖြစ်သည်။

ဘီလူးချောင်း အမှတ်(၁) ဓာတ်အားပေးစက်ရုံ လောပိတကို ၁၉၉၂ခုနှစ် တွင် တည်ဆောက်ပြီးစီးခဲ့ပြီး နှစ်စဉ် ဓာတ်အားထုတ်လုပ်မှုမှာ ယူနစ်သန်းပေါင်း ၂၀၀ ဖြစ်သည်။

လွိုင်ကော်တက္ကသိုလ်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့်အဖွဲ့သည် နံနက် ၁၁ နာရီတွင် လွိုင်ကော်တက္ကသိုလ်သို့ ရောက်ရှိကြရာ လွိုင်ကော်တက္ကသိုလ် ပါမောက္ခ၊ ဌာနမှူး ဒေါ်ခင်မေဦးနှင့် တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့သည် လွိုင်ကော် တက္ကသိုလ် အစည်းအဝေးခန်းမ၌ ပါမောက္ခများ၊ နည်းပြများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

နှစ်သစ်ကူးရုံးပိတ်ရက် သတ်မှတ်ခြင်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
(ကြေညာချက်အမှတ် ၁/၂၀၀၇)
၁၃၆၈ ခုနှစ်၊ တပေါင်းလဆန်း ၁ ရက်
(၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်)

နှစ်သစ်ကူး ရုံးပိတ်ရက် သတ်မှတ်ခြင်း

သင်္ကြန်ပွဲတော်သည် မြန်မာလူမျိုးတို့၏ အထွတ်အမြတ်ထားရာ နှစ်သစ်ကူး အခါသမယဖြစ်ပါသည်။ ထိုနှစ်သစ်ကူး အခါသမယတွင် မြန်မာ့ရိုးရာရေပက်ဖျန်း ကစားခြင်း၊ စေတီပုထိုးများအား ရေသပ္ပာယ်ခြင်း၊ ကျောင်းကန် ဘုရားများသို့ သွားရောက်၍ ဥပုသ်သီတင်း ဆောက်တည်ခြင်း၊ သက်ကြီးရွယ်အို အဘိုး၊ အဘွားများအား ကန်တော့ခြင်း၊ အလှူအတန်းများ ပြုလုပ်ခြင်း စသည်တို့ပြုလုပ်နိုင်ရန်နှင့် နိုင်ငံ့ဝန်ထမ်းများ တစ်နှစ်တာအတွက် အနားယူ အပန်းဖြေနိုင်စေရန်အလို့ငှာ နှစ်စဉ် သင်္ကြန်အကြိုနေ့ မတိုင်မီတစ်ရက်မှစ၍ (၁၀)ရက်တိတိကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ နှစ်သစ်ကူး ရုံးပိတ်ရက်အဖြစ် သတ်မှတ်လိုက်သည်။

အမိန့်အရ

(ပုံ) **သိန်းစိန်**
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး(၁)
နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ လွိုင်ကော်တက္ကသိုလ် ပါမောက္ခ၊ ဌာနမှူး ဒေါ်ခင်မေဦးက တက္ကသိုလ်၏ သမိုင်းအကျဉ်းချုပ်၊ ဝန်ထမ်းများအခြေအနေ၊ သင်ကြားပို့ချသော အထူးပြုဘာသာရပ်များ၊ ကျောင်းသားဦးရေနှင့် စာသင်ခန်းများ၊ IT Centre Room အခြေအနေများကို လည်းကောင်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာချုပ် ဦးဇော်ဝင်းက တက္ကသိုလ်အတွင်း ပင်မသုံးထပ်ဆောင်အပါအဝင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဆရာ၊ ဆရာမများ၊ ဝန်ထမ်းများ သွားလာနေထိုင်စားသောက်ရေးအတွက် လိုအပ်သည်များ ပံ့ပိုးစီစဉ်ဆောင်ရွက်ပေးရေး၊ ဝန်ထမ်းအိမ်ရာအပါအဝင် အဆောက်အအုံများကို သန့်ရှင်းသာယာလှပအောင် စီမံဆောင်ရွက်ရေး၊ ဘက်စုံပညာရည် ထူးချွန်ထက်မြက်သော လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ဆရာ၊ ဆရာမများက ကြိုးပမ်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

တွေ့ဆုံ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ် သောင်းအေးနှင့်အဖွဲ့သည် လွိုင်ကော်မြို့ နယ်မြေခံတပ် ငြိမ်းချမ်းရေးခန်းမသို့ ရောက်ရှိကြပြီး အရာရှိ၊ စစ်သည် မိသားစုဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စွမ်းရည်သုံးရပ်နှင့် ပြည့်စုံရေး၊ မိသားစုသက်သာ ချောင်ချိရေးအတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဆောင်ရွက်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ပါဝင်ကြိုးပမ်းဆောင်ရွက်ကြရေး မှာကြားပြီး မိသားစုဝင်များအား တာဝန်ရှိသူများက လက်ဆောင်ပစ္စည်းများ ပေးအပ်ကာ ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့သည် မွန်းလွဲ ၁ နာရီတွင် ကယားပြည်နယ် မြို့တော်ခန်းမ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သူနာပြုဆရာမများနှင့် မြို့မိ၊ မြို့ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်အဆင့် တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြပြီး ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးညွန့်တင်က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ရင်းရင်းနှီးနှီး တွေ့ဆုံ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း လွိုင်ကော် ကက်သလစ်သာသနာပြုကျောင်းတော်တွင် သာသနာပြုဆရာတော်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီးနှုတ်ဆက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်းပေးပြီး မြို့များ၏ စည်ပင်သာယာရေးလုပ်ငန်းများ တိုးတက်ကောင်းမွန်မှုရှိပြီး အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားရန် မှာကြားလိုကြောင်း၊ သက်ဆိုင်ရာ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီများအနေဖြင့် ဌာနဆိုင်ရာများ၊ မြို့မိ၊ မြို့ဖများပါဝင်သော ဆန္ဒဖော်ထုတ်ပွဲကို တစ်လတစ်ကြိမ် ကျင်းပပြီး အခက်အခဲပြဿနာများ စုပေါင်းညှိနှိုင်း အဖြေရှာဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်၊ ဌာနဆိုင်ရာများနှင့် ဒေသခံပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် တိုက်တွန်းပြောကြားပြီး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် လွိုင်ကော် ကက်သလစ်သာသနာပြုကျောင်းတော်သို့ သွားရောက်၍ လက်ထောက် ဆရာတော်ပေါပီပီနှင့် တာဝန်ရှိသူများ၊ ကက်သလစ်သာသနာကျောင်းတိုက်၊ ရွှေနှလုံးတော်ကျောင်း နှစ်ခြင်းအသင်းတော်၊ ကယားနှစ်ခြင်းအသင်းတော်နှင့် အင်္ဂလီကန်အသင်းတော် ဘုရားရှိခိုးကျောင်းတို့မှ သာသနာပြုဆရာတော်များအား ကက်သလစ်သာသနာပြု ကျောင်းတော်ခန်းမ၌ တွေ့ဆုံသည်။

ရှေးဦးစွာ သာသနာပြုဆရာတော်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းက နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် လက်တွဲပါဝင်ဆောင်ရွက်ကြရန် ပြောကြားပြီး လက်ဆောင်ပန်းခြင်းများကို သာသနာပြုဆရာတော်များအား ပေးအပ်သည်။

ကယားပြည်နယ်အတွင်း ခရစ်ယာန်ဘာသာအနေဖြင့် လွိုင်ကော်မြို့နယ်၌ ဘုရားကျောင်း ၅၈ ကျောင်း၊ ကျမ်းစာသင်/ရဟန်းဖြစ် ကျောင်းနှစ်ကျောင်း၊ ဒီမောဆိုမြို့နယ်၌ ဘုရားကျောင်း ၉၈ကျောင်း၊ ကျမ်းစာသင်/ရဟန်းဖြစ် ကျောင်းတစ်ကျောင်း၊ ဖရူဆိုမြို့နယ်၌ ဘုရားကျောင်း ၈၇ကျောင်း၊ ရှားတော၊ ဘော်လခဲ၊ ဖားဆောင်းနှင့် မဲစဲမြို့နယ်များ၌ ဘုရားကျောင်း ၂၁ကျောင်းရှိကာ ပြည်နယ်အတွင်း ခရစ်ယာန်သာသာဝင်ပေါင်း ၁၂၉၇၀၇ ဦးနှင့် သာသနာပြု ဘုန်းတော်ကြီး ၂၄ဦး၊ သင်းအုပ်ဆရာ ၆၈ဦးရှိ၍ ဘာသာရေးအခမ်းအနားများ၊ ဝတ်ပြုဆုတောင်းပွဲများ အစဉ်အလာအတိုင်း ကျင်းပလျက်ရှိကြောင်း သိရသည်။

ထို့မှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူးနှင့် အဖွဲ့သည် ဆောက်လုပ်ဆဲဖြစ်သော မြို့လယ်ဓမ္မာရုံသစ်သို့ ရောက်ရှိပြီး လုပ်ငန်း ဆောက်လုပ်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းအုံနှင့် အဖွဲ့ဝင်ဦးအောင်တို့ထံ အလှူငွေကျပ် ခုနစ်သိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

တွေ့ဆုံ

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက၊ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း၊ တိုင်းမှူး ဗိုလ်မှူးချုပ်သောင်းအေးနှင့် အဖွဲ့သည် နယ်မြေခံတပ် ဆည့်ရိပ်သာ၌ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ရှေးဦးစွာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများတွင် ဒေသခံ တိုင်းရင်းသားပြည်သူများနှင့်အတူ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ရေး၊ စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လေ့လာပြီး ဒေသခံ တောင်သူများအား တတ်နိုင်သည့်ဘက်မှ ပံ့ပိုးကူညီ ဖြည့်ဆည်းဆောင်ရွက်ပေးကြရေး မှာကြားပြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့်အဖွဲ့သည် လွိုင်ကော်မြို့၌ ညအိပ်ရပ်နားကြသည်။

(သတင်းစဉ်)

(18-2)03.P65 1 1/5/32, 9:27 AM

အီရန်နိုင်ငံအရှေ့တောင်ပိုင်း ဇာဟီဒန်မြို့တွင် ကားဗုံးပေါက်ကွဲပြီးနောက် အပျက်အစီးများကို ဖေဖော်ဝါရီ ၁၅ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဆိုမာလီတွင် အမေရိကန်ချွက်ဖက်မှု တောင်အာဖရိကနိုင်ငံ ဆန့်ကျင်

ဂျိုဟန်နစ္စဘတ် ဖေဖော်ဝါရီ ၁၆

ဆိုမာလီနိုင်ငံနှင့် ပတ်သက်သော အမေရိကန်၏ မည်သည့်စွက်ဖက်မှုမျိုးကိုမဆို ဆန့်ကျင်ကြောင်း တောင်အာဖရိကနိုင်ငံ ကာကွယ်ရေးဝန်ကြီး မိုဆူဝါလီကိုတာက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

ကိတ်တောင်းမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ လီကိုတာက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ဆိုမာလီနိုင်ငံနှင့်ပတ်သက်လာလျှင် အမေရိကန်နိုင်ငံသည် အတိတ်သမိုင်းကြောင်း မကောင်းခဲ့ကြောင်း၊ ထိုသို့သော အခြေအနေမျိုးတွင် အမေရိကန်အနေဖြင့် ယင်းနိုင်ငံ၏ အရေးအရာကိစ္စများ၌ ပါဝင်ပတ်သက်ရန် ကြိုးစားမည်ဆိုပါက အဆင်ခြင်မဲ့ရာကျမည်ဖြစ်ကြောင်း တောင်အာဖရိကကာကွယ်ရေးဝန်ကြီးက ပြောကြားသည်။

ဆန့်ကျင်

ဆိုမာလီနိုင်ငံ၏ အခြေအနေနှင့် စပ်လျဉ်း၍ တောင်အာဖရိကနိုင်ငံအနေဖြင့် စိုးရိမ်ပူပန်သောအချက်ကို အမေရိကန် ရှင်းရှင်းလင်းလင်း သိအောင် ဖော်ပြခဲ့ပြီး ဖြစ်သည်။ သို့ရာတွင် အမေရိကန်၏လုပ်ရပ်ကို ဆန့်ကျင်သည် ဟူသောအချက်ကိုမူ တရားဝင်အကြောင်းကြားရခြင်း မရှိသေးဟု လီကိုတာက ဆက်လက်ပြောကြားသည်။

တောင်အာဖရိကနိုင်ငံ အနေဖြင့် ဆိုမာလီနိုင်ငံအရေးတွင် အပြုသဘောဖြင့် ပါဝင်လုပ်ဆောင်မည် ဖြစ်သည်။ သို့ရာတွင် ဆိုမာလီနိုင်ငံအတွင်း ဝင်ရောက်၍ ကိုယ်တိုင်ကိုယ်ကျပါဝင်မှုမျိုးကိုမူ ဆောင်ရွက်လိမ့်မည် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။

ဆိုမာလီနိုင်ငံ၌ ကုလသမဂ္ဂအနေဖြင့် ၁၉၉၂ ခုနှစ်က ရိက္ခာဖြန့်ဝေရေးကိစ္စတွင် ကြားဝင်ဆောင်ရွက်ခဲ့သည်။ ထိုအစီအစဉ်ကို အကောင်အထည်ဖော်စဉ် အမေရိကန်တပ်ဖွဲ့များ ဆိုမာလီသို့ရောက်ရှိခဲ့ပြီး ၁၉၉၃ ခုနှစ်အောက်တိုဘာလ၌ ဒေသခံများနှင့် အချင်းများခဲ့ရာ ကန်တပ်ဖွဲ့ဝင် ၁၈ ဦးသေဆုံးပြီး အနည်းဆုံး ဆိုမာလီလူမျိုး ၃၀၀ သေဆုံးခဲ့ရသည်။***အမ်အင်အေ၊ဆင်ဟွာ။***

အင်္ဂလိပ်စာအရည်အသွေးညံ့ဖျင်းမှုကြောင့် ပြည်ပလေယာဉ်မှူးများကို ဌာနေပြန်ပို့

နယူးဒေလီ ဖေဖော်ဝါရီ ၁၆

အိန္ဒိယနိုင်ငံသည် ယမန်နှစ်က ပြည်ပနိုင်ငံသားလေယာဉ်မှူးအယောက် ၂၀ ထက်မနည်းကို ဌာနေနိုင်ငံများသို့ ပြန်လည်စေလွှတ်ခဲ့သည်။ ၎င်းတို့၏ အင်္ဂလိပ်စာကျွမ်းကျင်မှုစွမ်းရည် လိုအပ်နေသည့်အတွက်ကြောင့် ယင်းကဲ့သို့ ပြန်ပို့ခြင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံ၏ ပြည်တွင်းလေကြောင်းအဖွဲ့က ဖေဖော်ဝါရီ ၁၅ ရက်တွင် ပြောကြားသည်။

လွန်ခဲ့သည့် နှစ်အနည်းငယ်က လေကြောင်းလိုင်းသစ်များ ပိုမိုတိုးချဲ့လာပြီးနောက် အိန္ဒိယလေကြောင်းလုပ်ငန်းထိန်းချုပ်သူများသည် လေကြောင်းလိုင်းလုပ်ငန်း စံချိန်စံညွှန်းပြည့်မီအောင် ကြိုးပမ်းရန်းကန်နေကြရသည်။ ဤသို့ကြိုးပမ်းရာ၌ အိန္ဒိယနိုင်ငံလေကြောင်းလုပ်ငန်းထိန်းချုပ်သူများသည် အင်္ဂလိပ်စာနှင့်စကားကိုသာ သုံးစွဲကြရသည်။

အာရှအလယ်ပိုင်းနှင့် ဥရောပအရှေ့ပိုင်းဒေသများအပါအဝင် ပြည်ပနိုင်ငံသား လေယာဉ်မှူး ရာပေါင်းများစွာကို အလျင်အမြန် ငှားရမ်းကြခြင်းဖြစ်သည်။

အင်္ဂလိပ်စာသုံးစွဲမှုစွမ်းရည် အရည်အသွေး မကောင်းမွန်သဖြင့် အဆိုပါလေယာဉ်မှူးများကို ဌာနေနိုင်ငံများသို့ ပြန်လည်စေလွှတ်ခြင်း ဖြစ်ကြောင်း ပြည်တွင်းလေကြောင်းဌာန ညွှန်ကြားရေးမှူး ကာနုဂိုဟန်က သတင်းထောက်များကို ပြောကြားသည်။

ပြန်ပို့ခဲ့ရသော လေယာဉ်မှူးများ၌ လွတ်လပ်သော ဓနသဟာယနိုင်ငံများ (စီအိုင်အက်စ်)နှင့် ဥရောပအရှေ့ပိုင်းဒေသတို့မှ အများဆုံးပါဝင်သည်။

အမ်အင်အေ၊ ရိုက်တာ။

ဗီယက်နမ်၌ ယာဉ်တိုက်မှုဖြစ်ပွား

ဟနွိုင်း ဖေဖော်ဝါရီ ၁၆

ဗီယက်နမ်နိုင်ငံတောင်ပိုင်း အန်ဂီအန်းပြည်နယ်၌ မော်တော်ယာဉ်တိုက်မှုဖြစ်ပွားရာ လူငါးဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း လူငယ်အမည်ရှိသတင်းစာက တနင်္လာနေ့တွင် ဖော်ပြသည်။

ချောင်သန်းခရိုင်၌ တနင်္ဂနွေနေ့က အလုံပိတ် မော်တော်ယာဉ်နှင့် ခုနစ်ယောက်စီးမော်တော်ယာဉ်တို့ တိုက်မိခဲ့ကြသည်။ သေဆုံးသူများအနက် လေးဦးမှာ ပွဲချင်းပြီးသေဆုံးခဲ့သည်။ မော်တော်ယာဉ်တိုက်မှု ဖြစ်ပွားရခြင်းအကြောင်းရင်းကို သက်ဆိုင်ရာ အဖွဲ့အစည်းများက စုံစမ်းစစ်ဆေးလျက်ရှိသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

စပိန်ရှိ မြေအောက်လိုဏ်ခေါင်းအတွင်း လူခြောက်ဦး အသက်ရှူကျပ်ပြီးသေဆုံး

မဒရစ် ဖေဖော်ဝါရီ ၁၆

စပိန်နိုင်ငံ ကနေရီကျွန်းစု၏ မြေအောက်လိုဏ်ခေါင်းအတွင်း အသက်ရှူကျပ် သေဆုံးနေသည့် လူခြောက်ဦး၏ အလောင်းများကို ကယ်ဆယ်ရေးအဖွဲ့များက တနင်္ဂနွေနေ့တွင် တွေ့ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

လှေလှော်စူးစမ်းကြ

သေဆုံးသူ လူခြောက်ဦးတွင် သိပ္ပံပညာရှင်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး အဖွဲ့အစည်းဝင်များ ပါဝင်သည်။ ၎င်းတို့သည် လူ ၃၀ ပါ အုပ်စုတစ်စုမှဖြစ်ကြပြီး တင်နာရစ်ဖ်လိုဏ်ခေါင်းကို စနေနေ့က လှေလှော်စူးစမ်းကြစဉ် သေဆုံးသွားခြင်းဖြစ်သည်။ လူအများစုက လိုဏ်ခေါင်းပြင်ပသို့ ထွက်နိုင်ခဲ့ကြသည်။ လူရှစ်ဦးကို နံနက်စောစောပိုင်းတွင် ကယ်တင်နိုင်ခဲ့ပြီး ဆေးရုံသို့ တင်ပို့ခဲ့သည်။

ကယ်တင်ရ

ကယ်ဆယ်ရေး ဝန်ထမ်းများက နောက်ဆုံးလူခြောက်ဦးကို မွန်းလွဲပိုင်းတွင် တွေ့ရှိခဲ့သည်။ ပျောက်ဆုံးနေသူများသည် မြေအောက် မီတာ ၁၅၀၀ မှ ၂၀၀၀ အနက်တွင် ပိတ်မိနေပြီး ကယ်ဆယ်ရေးဝန်ထမ်းများက ခက်ခဲစွာ သွားရောက်ကယ်ထုတ်ခဲ့ရသည်ဟု အရေးပေါ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ဆေးရုံ၌ သွေးလွန်တုပ်ကွေးဖြစ်ပွားနေသော ကလေးငယ်အား ပြုစုကုသပေးနေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှားတွင်သွေးလွန်တုပ်ကွေးဖြစ်ပွား ၃၀၀ကျော်သေဆုံးဟုဆို

ဂျကာတာ ဖေဖော်ဝါရီ ၁၆

အင်ဒိုနီးရှားနိုင်ငံ၌ ဖြစ်ပွားနေသော သွေးလွန်တုပ်ကွေးရောဂါအခြေအနေသည် ဇန်နဝါရီလမှ စတင်သည့် ယခုနှစ်သွေးလွန်တုပ်ကွေးရာသီတွင် ရောဂါဖြစ်ပွားသူပေါင်း ၂၀၀၀၀ ကျော်ရှိပြီး သေဆုံးသူဦးရေမှာ ၃၀၇ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖေဖော်ဝါရီ ၁၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ကျဆင်းလာ

စွတ်စိုသော ရာသီကာလ မကုန်ဆုံးသေးဘဲ မတ်လအထိ ဆက်လက်ရှိနေဦးမည်ဖြစ်ရာ သွေးလွန်တုပ်ကွေးရောဂါ သယ်ဆောင်သည့် အေးဒီစ်အီဂျစ်တိုင်းခေါ် ခြင်ကျားများပေါက်ဖွားရန် အခြေအနေပေးလျက်ရှိသည်။ သို့ဖြစ်၍ သွေးလွန်တုပ်ကွေးရောဂါသည်ဦးရေမှာ ကျဆင်းလာမည်မဟုတ်ဘဲဆက်လက်တိုးတက်လာစရာ အကြောင်းရှိကြောင်း ကျန်းမာရေးအရာရှိ စီစီလျာဝမ်ဒီလရာနစ်က ပြောကြားသည်။

ယင်းရောဂါပိုးသည် ဂျကာတာမြို့တော်အပါအဝင် အရှေ့ဂျဗား၊ အနောက်ဂျဗား၊ အလယ်ဂျဗားနှင့် အရှေ့ကာလီမန်တန် ပြည်နယ်များသို့တိုင်အောင် ပျံ့နှံ့ဖြစ်ပွားလျက်ရှိသည်။

အင်ဒိုနီးရှားတာဝန်ရှိသူများအနေဖြင့် ရောဂါကို ကြိုးပမ်းနှိမ်နင်းလျက်ရှိရာ သေဆုံးသူဦးရေကို ယခင်နှစ်ကထက် လျော့နည်းနေအောင် ထိန်းချုပ်ထားနိုင်သည့် အခြေအနေရှိသည်ဟု သတင်းများက ဖော်ပြသည်။

အင်တာနက်။

ဆင်စွယ်ပစ္စည်းများ ပေကျင်း၌ ဖမ်းဆီးရမိ

ပေကျင်း ဖေဖော်ဝါရီ ၁၆

ပေကျင်းမြို့တော် နိုင်ငံတကာလေဆိပ်တွင် ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံမှ ခရီးသည်အမျိုးသမီး၏ ဝန်စည်စလယ်များအတွင်းမှ ၆၇ ဒသမ ၄၅ ကီလိုအလေးချိန်ရှိ ဆင်စွယ်ပစ္စည်းများကို အင်္ဂါနေ့က ဖမ်းဆီးရမိကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဒစ္စအဘာဘာမြို့မှ ပေကျင်းသို့ ပျံသန်းလာသည့် လေယာဉ်ဖြင့်လိုက်ပါလာသူ အမျိုးသမီးသည် ပေကျင်းလေဆိပ်သို့ရောက်ရောက်ချင်းအကောက်ခွန်ဌာနသို့ သွားရောက်ခြင်းမရှိခဲ့ပေ။

အကောက်ခွန်ဌာနမှ အရာရှိများက ၎င်း၏ဝန်စည်စလယ်ကိုရှာဖွေစစ်ဆေးရာတွင် ဆင်စွယ်ဖြင့်ပြုလုပ်ထားသည့် လက်ကောက်၊ လည်ဆွဲနှင့် အခြားလက်ဝတ်ပစ္စည်းများကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။မှောင်ခိုတိုက်ဖျက်ရေး အရာရှိများက ယင်းအမှုကို စုံစမ်းစစ်ဆေးလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ ဖက်ရှင်ပြပွဲတွင် စင်ကာပူမှ ဒီဇိုင်းရေးဆွဲသူ၏ ဝတ်စုံကို ဝတ်ဆင်၍ သရုပ်ပြနေသူတစ်ဦးကို ဖေဖော်ဝါရီ ၁၇ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)

အီရန်နျူပြဿနာ သံတမန်နည်းဖြင့် ဖြေရှင်းနိုင်မည်ဟု ပြင်သစ် ယုံကြည်ကြောင်းပြောကြား

ပါရီ ဖေဖော်ဝါရီ ၁၆

အီရန် နျူကလီးယားပြဿနာကို ဖြေရှင်းရန် ကြိုးစားရာ၌ အမေရိကန်အနေဖြင့် စစ်ရေးနည်းဖြင့် ဖြေရှင်းမည် မဟုတ်ဟု ပြင်သစ်နိုင်ငံက ယုံကြည်ကြောင်း၊ ထို့အပြင် ယင်းပြဿနာကို ပြေလည်အောင် ကြိုးပမ်းရာ၌ သံတမန်ရေးနည်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယူဆကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီး ဖီလစ်ပီဒေါ်စ်ဘလာဇီက ဖေဖော်ဝါရီ ၁၄ ရက်တွင် ပြောကြားသည်။

မျှော်လင့်

နျူကလီးယား ပြဿနာကို ဖြေရှင်းရာ၌ ယခုအချိန်တွင် သဘောထားကွဲလွဲမှုရှုပ်ထွေးမှုများ ရှိနေသော်လည်း နောက်ဆုံးတွင် ဆွေးနွေးခြင်းနည်းလမ်းကြောင့် ပြေလည်မှု အသီးအပွင့်များ ရလာလိမ့်မည်ဟု မျှော်လင့်ကြောင်း ဒေါ်စ်ဘလာဇီက ပြောကြားသည်။

ယုံကြည်

ဤပြဿနာကို ဖြေရှင်းရာတွင် မည်သည့် စစ်ရေးနည်းလမ်းနှင့်မျှ ပြေလည်မှုရနိုင်မည်မဟုတ်ဘဲ သံခင်းတမန်ခင်း နည်းလမ်းဖြင့်သာ အဆင်ပြေစွာ ဖြေရှင်းနိုင်ဖွယ်ရာရှိသည်ဟု မိမိတို့ အခိုင်အမာ ယုံကြည်ထားကြောင်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ဆက်လက်ပြောကြားသည်။

အသိပေးထား

အမေရိကန်က အီရန်၏ နျူကလီးယား အဆောက်အအုံများကို စစ်ရေးအရ တိုက်ခိုက်လာမည်ဟု ယူဆပါသလားဟူသော အမေးကို ပြောကြားရာ၌ အမေရိကန်က ယင်းသို့ ဆောင်ရွက်ရန် အစီအစဉ်မရှိကြောင်း မိမိတို့ကို အသိပေးထားပြီဖြစ်သည်။ ထိုအသိပေးချက်ကိုလည်း သံသယရှိစရာ အကြောင်းမမြင်ကြောင်း ဒေါ်စ်ဘလာဇီက ဖြေကြားခဲ့သည်။

အမေရိကန်တို့က စစ်ရေးစွက်ဖက်ရန် အကြောင်းမရှိဟုဆိုခဲ့သော်လည်း လက်တွေ့လုပ်ရပ်တွင် တစ်မျိုးဖြစ်နေသည်ကို လေ့လာသူများက ထောက်ပြခဲ့ကြသည်။ အမေရိကန်နိုင်ငံသည် မကြာသေးမီ သီတင်းပတ်များအတွင်းက လေယာဉ်တင် သင်္ဘောတစ်စင်း ဦးဆောင်သော ဒုတိယရေတပ်သင်္ဘောအုပ်စုတစ်စုကို ပင်လယ်ကွေ့ဒေသသို့ ထပ်မံစေလွှတ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ထိုင်းနိုင်ငံတွင် ရေအောက်၌ ထူးထူးခြားခြား မင်္ဂလာပွဲကျင်းပနေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

စပိန်နိုင်ငံသို့ ဆင်းသက်လာသည့် အပိုင်စီးခံထားရသော မော်ရီတေးနီးယားနိုင်ငံမှ လေယာဉ်တစ်စင်းကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

မော်ရီတေးနီးယားလေယာဉ်အပိုင်စီးမှု နေ့ချင်းပြီးဆုံး

မဒရစ် ဖေဖော်ဝါရီ ၁၆

အပိုင်စီးခံရသော လေယာဉ်သည် ဆင်းသက်ရာတွင် ညင်ညင်သာသာ မဆင်းဘဲ ခပ်ကြမ်းကြမ်းဆင်းခဲ့သည့်အတွက် လေယာဉ်အပိုင်စီးသူမှာ လဲသွားသဖြင့် ခရီးသည်များက ၎င်းအား ဝိုင်းဝန်းဖမ်းဆီး ချုပ်နှောင်လိုက်ကြကြောင်း၊ ဤသို့ဖြင့် လေယာဉ်အပိုင်စီးခံရသည့် အဖြစ်မှာလည်း အဆုံးသတ်သွားကြောင်းမော်ရီတေးနီးယားသမ္မတရုံးနှင့်နီးစပ်သော အသိုင်းအဝိုင်းမှလာသောသတင်းက ဖော်ပြသည်။

အပိုင်စီးခံရသော လေယာဉ်မှာ မော်ရီတေးနီးယားလေကြောင်းလိုင်းပိုင် ဘိုးအင်း ၇၃၇ လေယာဉ်ဖြစ်သည်။ ထိုလေယာဉ်သည် ပြည်တွင်းခရီးစဉ်ပျံသန်းနေစဉ်ပစ္စတိုသေနတ်ကိုင်ဆောင်ထားသည့် အပိုင်စီးသူက လေယာဉ်ကို ပြင်သစ်နိုင်ငံသို့ ပျံသန်းရန်တောင်းဆိုခဲ့သည်။ လေယာဉ်မှူးသည် တောင်းဆိုသည့်အတိုင်းမဆောင်ရွက်ဘဲ လေယာဉ်ကို စပိန်နိုင်ငံပိုင် ကနေရီကျွန်း၌ဆင်းသက်ခဲ့သည်။

လေယာဉ်ကိုကွင်း၌ဆင်းစဉ်လေယာဉ်မှူးက တမင်သက်သက် လေယာဉ်ကို ဆောင့်၍ ဆင်းသက်ခဲ့သည်။ ထိုအခါ အပိုင်စီးသူကြမ်းပြင်ပေါ်သို့လဲကျသွားခိုက်ခရီးသည်များက ၎င်းကို ဝိုင်းဝန်းဖမ်းဆီးနိုင်ခဲ့သည်။အပိုင်းစီးသူကသေနတ်နှစ်ချက် ပစ်ဖောက်ခဲ့သေးသော်လည်း မည်သူ တစ်ဦးတစ်ယောက်မျှ ပြင်းပြင်းထန်ထန် ဒဏ်ရာရခြင်း မရှိခဲ့ကြောင်း မော်ရီတေးနီးယား သတင်းရပ်ကွက်က ပြောကြားသည်။

အခင်းဖြစ်ပွားမှုကြောင့် လူ ၂၀ခန့် ထိခိုက်ပွန်းရှဒဏ်ရာများ ရခဲ့သော်လည်း တစ်ဦးတစ်ယောက်မျှ သေနတ်ဒဏ်ရာရခြင်းမရှိခဲ့ကြောင်း အရေးပေါ်ကယ်ဆယ်ရေးဌာနမှလာသော သတင်းက ဆိုသည်။

လေယာဉ် အပိုင်စီးသူကို ဖမ်းဆီးလိုက်ပြီးနောက် ခရီးသည် ၇၁ဦးနှင့် လေယာဉ်အဖွဲ့သား ရှစ်ဦးမှာ ပြန်လည်လွတ်မြောက်ခဲ့သည်။ လေယာဉ်အပိုင်စီးသူမှာ မြောက်အာဖရိကသားတစ်ဦးဖြစ်သည်ဟု မီဒီယာသတင်းများက ဖော်ပြသည်။

အင်တာနက်။

ဘရာဇီးနိုင်ငံ၌ ကျားဖြူကလေးနှစ်ကောင်ကို ခွေးမလေးလီလီက နို့တိုက်နေသည်ကို ဖေဖော်ဝါရီ ၁၆ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

တောင်ကိုရီးယားကုန်သင်္ဘောနစ်မြုပ် သင်္ဘောသားသုံးဦး သေဆုံး

တိုကျို ဖေဖော်ဝါရီ ၁၆

တောင်ကိုရီးယားနိုင်ငံမှ ကုန်တင်သင်္ဘောသည် ဂျပန်နိုင်ငံ၏ ကမ်းလွန်ပစိဖိတ်သမုဒ္ဒရာအတွင်း မုန်တိုင်းမိခဲ့သဖြင့် သင်္ဘောသားသုံးဦး သေဆုံးပြီး ယခုထက်တိုင် ခြောက်ဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း ကျိုဒိုသတင်းဌာနက ကြာသပတေးနေ့တွင် ပြောကြားသည်။

ဂျပန်ကမ်းခြေစောင့်တပ်ဖွဲ့က လွန်ခဲ့သည့်တစ်ရက်က ရှာဖွေမှုများ ပြုလုပ်ခဲ့စဉ်အတွင်း ကြာသပတေးနေ့ နှောင်းပိုင်း၌ အလောင်းသုံးလောင်း တွေ့ရှိခဲ့သည်။

ကုန်တင်သင်္ဘောသည် ကမ်းလွန်တစ်နေရာတွင် မုန်တိုင်းနှင့် ကြုံတွေ့ခဲ့ပြီး နစ်မြုပ်ခဲ့သည်။ သင်္ဘောသည် လေမုန်တိုင်းမိပြီး လှိုင်းကြီးကာ ရေဝင်ခဲ့သဖြင့် နစ်မြုပ်ရခြင်းဖြစ်သည်ဟု အသက်မသေ ကျန်ရှိသူနှစ်ဦးက ပြောကြားသည်။

အဆိုပါသင်္ဘောက ညနေ ၃ နာရီ မိနစ် ၂၀ အချိန်၌ ဒုက္ခတွေ့နေကြောင်း အရေးပေါ်အချက်ပြပြီး ရှီမာမြို့မှ ကမ်းလွန် ၂၃ ကီလိုမီတာခန့်တွင် ရောက်ရှိနေသည်ဟု အကြောင်းကြားသည်။ ယင်းသင်္ဘောသည် ကီဆာရာဇူမြို့မှ တောင်ကိုရီးယားနိုင်ငံသို့ ဦးတည်ခုတ်မောင်းလာစဉ် မုန်တိုင်းမိ နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

နယူးအော်လင်းတွင် တော်နေဒိုးမုန်တိုင်းတိုက်ခတ် တစ်ဦးသေဆုံး၊ ၁၉ ဦး ဒဏ်ရာရ

နယူးအော်လင်း ဖေဖော်ဝါရီ ၁၆

အမေရိကန်နိုင်ငံ နယူးအော်လင်းဒေသတွင် ဖေဖော်ဝါရီ ၁၃ ရက်က တော်နေဒိုးမုန်တိုင်း တိုက်ခတ်သွားရာ လူတစ်ဦးသေဆုံးပြီး အနည်းဆုံး ၁၉ ဦး ဒဏ်ရာရရှိသွားကြောင်း သတင်းများက ဖော်ပြသည်။

နယူးအော်လင်းနှင့် ပတ်ဝန်းကျင်ဒေသသည် ကက်ထရီနာဟာရီကိန်းမုန်တိုင်း နှိပ်စက်ခဲ့သဖြင့် ကောင်းစွာနာလန်ထူခြင်းမရှိသေးမီ ယခုမုန်တိုင်း၏ ထိုးနှက်မှုကို ခံရခြင်းဖြစ်သည်။ ထိုမုန်တိုင်းကြောင့် တစ်ဦးတည်းသော အသက်ဆုံးရှုံးရသူမှာ အသက် ၈၆ နှစ်အရွယ်ရှိ အမျိုးသမီးကြီးဖြစ်ကြောင်း ရဲအရာရှိ ဝါရင်ရီလေးက ပြောကြားသည်။

အခြား ၁၉ ဦးသည်လည်း ယင်းမုန်တိုင်းနှင့် ဆက်နွှယ်နေသော ဒဏ်ရာအနာတရများကြောင့် ဒေသဆိုင်ရာ ဆေးရုံသို့တင်ခဲ့ရကြောင်း နယူးအော်လင်း အရေးပေါ်ကယ်ဆယ်ရေးဌာနက ပြောကြားသည်။

မုန်တိုင်းဒဏ်ကြောင့် အဆောက်အအုံ အများအပြား ပျက်စီးခဲ့ရပြီး သစ်ပင်များပြိုလဲမှုကြောင့် ဓာတ်အားများလည်း ပြတ်တောက်ခဲ့ရကြောင်း၊ သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားလုပ်ငန်းက ပြောကြားသည်။ ဤအဖြစ်အပျက်ကြောင့် ဓာတ်အားသုံးစွဲသူပေါင်း ၂၉၀၀၀ ခန့်မှာ ဓာတ်အားပြတ်တောက်မှုနှင့် ကြုံခဲ့ရသည်။

အမ်အင်အေ၊ရိုက်တာ။

ပေါ်တူဂီနှင့် စပိန်တို့တွင် ကိုကင်းငါးတန်ခွဲ ဖမ်းဆီးရမိ

မဒရစ် ဖေဖော်ဝါရီ ၁၆

စပိန်နိုင်ငံရဲတပ်ဖွဲ့သည် ဖေဖော်ဝါရီ ၁၄ ရက်က ဂျီဘရော်လ်တာ ရေလက်ကြားအနီးရှိ ဖြတ်သန်းသွားလာနေသော သင်္ဘောတစ်စင်းပေါ်မှ ကိုကင်းလေးတန်ကို ဖမ်းဆီးရမိခဲ့သည်။ ထိုအချိန်နှင့် မရှေးမနှောင်းမှာပင် ပေါ်တူဂီရဲတပ်ဖွဲ့ကလည်း မာဒီရာကျွန်းအနီးရေပြင်၌ မူးယစ်ဆေးဝါး ၁ ဒသမ ၅ တန်ကို ရှာဖွေသိမ်းဆည်းနိုင်ခဲ့သည်။

စပိန်ရဲတပ်ဖွဲ့က စပိန်နိုင်ငံနှင့်မော်ရိုကိုနိုင်ငံအကြားရှိ အယ်ဘိုရန်ပင်လယ်ပြင်တွင် ခုတ်မောင်းနေသော ကုန်သွယ်ရေကြောင်း သင်္ဘောချယ်လင်ဂျာပေါ်သို့ တက်ရောက်ရှာဖွေစဉ် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခြင်း ဖြစ်ကြောင်း ပြောကြားသည်။ ယင်းသင်္ဘောကို နိုင်ငံတောင်ပိုင်းရှိ အယ်လ်မီရီယာဆိပ်ကမ်း၌ ဆိုက်ကပ်ထားပြီး ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။ ကိုကင်းများကို ပလတ်စတစ်အိတ်များအတွင်းထည့်သွင်းပြီး စက်ခန်းနှင့် သင်္ဘော ရေလှောင်ကန်များအတွင်း သိုဝှက်သယ်ဆောင်လာခြင်းဖြစ်သည်။ အတ္တလန္တိတ်ရေပြင်ရှိ ဖော်ပြပါအမှုနှစ်မှုသည် တစ်ခုနှင့် တစ်ခု ကွင်းဆက်ရှိကြောင်း သက်ဆိုင်ရာများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ရှက်ဖို့အလွန်ကောင်းသည်

မေသစ္စာ

ယခုခေတ်ကာလတွင် ဗွီစီဒီအခွေများ အလွန်ခေတ်စားနေသည်။ ဓမ္မကထိက အကျော်အမော် ဆရာတော်များ ဟောကြားသော ဗုဒ္ဓဓမ္မတရားတော်များကိုလည်း ဗွီစီဒီ အခွေများဖြင့် အားလုံးနာကြားနိုင်ကြသည်။ အဆိုတော်များသီဆိုကြသော ခေတ်ဟောင်းခေတ်သစ် တေးသီချင်းမျိုးစုံကိုလည်း ဗွီစီဒီအခွေများဖြင့် နားသောတ ဆင်နိုင်ကြပါသည်။ မိမိနေအိမ်၌ နားနားနေနေ တရားလည်း နာကြားနိုင်၊ တေးသီချင်းလည်း နားဆင်နိုင်သောကြောင့် အရွယ်မရွေး ဗွီစီဒီအခွေများနှင့် အလွန်အဆင်ပြေနေကြပါသည်။

အားလပ်ရက်တစ်ရက်တွင် နာမည်ကြီး အဆိုကျော်တစ်ဦး သီဆိုသော ဗွီစီဒီသီချင်းအခွေကို နားထောင်မိပါသည်။ ငယ်ရွယ်နုနယ်သော သမီးပျိုများ၏ သရုပ်ဆောင်ပုံကိုလည်း တွေ့မြင်ရပါသည်။

သီချင်းကိုနားထောင်၊ သရုပ်ဆောင်ပုံများကိုကြည့်ရင်း၊ စိတ်ထဲမှာ ခံစားထင်မြင်ဆင်ခြင်မိသည်များကို တင်ပြလိုသော အာသီသ ဆန္ဒဖြစ်ပေါ်မိပါသည်။

မြန်မာ့တေးဂီတသမိုင်းတွင် ဂီတစာဆိုကြီးများဖြစ်ကြသော မြို့မငြိမ်း၊ မန္တလေးဦးဘသိန်းတို့ ရေးစပ်သီဆိုခဲ့ကြသော တေးသီချင်းများသည် ယခုမျက်မှောက်ခေတ်တိုင် နားထောင်၍မဝ၊ အမြဲဆန်းသစ်နေသည့် ဂန္ထဝင်တေးသီချင်းများ ဖြစ်ပါသည်။

ဆရာမြို့မငြိမ်း ရေးဖွဲ့သီကုံးသော–

> **"သန်မာထွားကျိုင်းပြီး**
> **ကမ္ဘာသူအလယ် လျှောက်သွားမယ်၊ အလွန်တင့်တယ်**
> **သုံးတောင်ဝတ်အားမငယ်–––ရှက်ဖို့အလွန်ကောင်းတယ်"**

အစချီသော **"ယဉ်တစ်ကိုယ်မယ်"**သီချင်းကို ဦးစွာနားထောင်မိပါသည်။

မြန်မာအမျိုးသမီးများသည် အနာရောဂါကင်းရှင်းပြီး ကျန်းမာသန်စွမ်းသူများ၊ နုပျိုလန်းဆန်း တက်ကြွနေသူများ၊ ယဉ်ကျေးသိမ်မွေ့သော ကိုယ်ဟန်အမူအရာများဖြင့် အလွန်ရှုမောဖွယ်တင့်တယ်သူများ ဖြစ်ကြောင်းကို သီကုံးထားသော တေးတစ်ပုဒ်ဖြစ်ပါသည်။ လှယဉ်ကျေးမယ်တို့နှင့် လိုက်ဖက်သော တေးသွားဖြစ်ပါသည်။ ယင်းတေးကို နားဆင်မိတိုင်း မြန်မာအမျိုးသမီးဖြစ်ရသည်ကို ဂုဏ်ယူဝမ်းမြောက်မိပါသည်။ မြန်မာအမျိုးသမီး ဂုဏ်ရည်ကို ဆတက်ထမ်းပိုးတိုး၍သာ ထိန်းသိမ်းလိုသော ဆန္ဒမွန်များစိတ်အစဉ်ဝယ် ပေါ်ပေါက်လာမိပါသည်။

ယင်းတေးကို ဗွီစီဒီ ကာရာအိုကေအခွေ၌ နာမည်ကြီးအဆိုတော်တစ်ဦးက သီဆိုပြီး လှပသော အမျိုးသမီးငယ်များက သရုပ်ဆောင်ထားကြပါသည်။ သရုပ်ဆောင် အမျိုးသမီးငယ်များ ဝတ်စားဆင်ယင်မှုကို ကြည့်ပါ။ ဘောင်းဘီများကို ဝတ်ဆင်ထားကြပါသည်။ သရုပ်ဆောင်ပုံကို ကြည့်ပါ။ မြူးမြူးကြွကြွ ကခုန်၍ သရုပ်ဆောင်ကြပါသည်။ တေးသီချင်း၏ ရသခံစားရာတွင် ပေါ့ပျက်သွားစေပါသည်။

ဆက်လက်ပြီး မန္တလေးဦးဘသိန်း ရေးစပ်သီကုံးသော **"ယဉ်တဲ့သဇင်"**တေးကို နားထောင်ပါသည်။ တေးသရုပ်ဖော်ပုံကိုလည်း ကြည့်ပါသည်။

ယဉ်တဲ့သဇင်တေးမှာ–

> **"နန်းပင်မြင့်တွင် ဆန်းယဉ်**
> **ရှုတိုင်းလည်း လှပေ့သဇင်**
> **မြေလွှာကိုပင် ဝင့်ကြွားကာ**
> **ဟိုပင်ထက်ဖျားထက်မှာ ဖွားဂုဏ်အင်"**

အစချီသော တေးဖြစ်ပါသည်။ ပန်းသဇင်၏ ဂုဏ်အင်၊ ပန်းသဇင်၏အလှ၊ ပန်းသဇင်၏မွှေးကြိုင်လှသော ရနံ့တို့ကို ဦးစွာဖော်ကျူးသည်။ ထပ်ဆင့်ပြီး မြန်မာအမျိုးသမီးများသည်လည်း ပန်းသဇင်ကဲ့သို့ လှပတင့်တယ်သူများဖြစ်ကြောင်း၊ ပန်းသဇင်၏ မွှေးရနံ့သင်းပျံ့သကဲ့သို့ မြန်မာအမျိုးသမီးများ၏ ကိုယ်နှုတ်နှလုံး သုံးပါးလုံးယဉ်ကျေးသော သီလရနံ့မွှေးထုံကြိုင်လှိုင်လျက်ရှိပါကြောင်း ဖော်ကျူးထားသည့် တေးတစ်ပုဒ်ဖြစ်ပါသည်။ ယင်းတေးကို ဗွီစီဒီအခွေ၌ အဆိုကျော်က သီဆိုပြီး အမျိုးသမီးငယ်များက ဘောင်းဘီကျပ်ကျပ်နှင့် ရင်လှုပ်တင်လှုပ် သရုပ်ဆောင်ကြပါသည်။ ယင်းသို့ သရုပ်ဆောင်ခြင်းသည် တေးသီချင်းနှင့် လုံးဝမလျော်ညီပါ။ တေးပြုဆရာကြီးကိုပင် အားနာလောက်ပါပေသည်။ ဂန္ထဝင်တေးချစ်သူအနေနှင့်လည်း တေးနှင့်လျော်ညီသော သရုပ်ဆောင်မှုမျိုးကိုသာ တွေ့မြင်လိုကြမည်မှာ ဧကန်ဖြစ်ပါသည်။ ထို့ကြောင့် တေးသီချင်းနှင့် လျော်ညီသော သရုပ်ဆောင်မှုကို စိတ်ကူးပုံဖော်ကြည့်မိပါသည်။

ဘောင်းဘီကျပ်ကျပ်ဝတ်ဆင်ထားသော အမျိုးသမီးငယ်များနေရာတွင် မြန်မာ့ယဉ်ကျေးမှုအစဉ်အလာနှင့်အညီ တစ်ပတ်လျှိုဆံထုံးထက်တွင် သဇင်ပန်းတွေ ဝေနေအောင်ပန်ကာ မြန်မာဆန်ဆန် ထဘီနှင့်အင်္ကျီလက်စက၊ လက်ရှည်ဝတ်စားဆင်ယင် ထုံးဖွဲ့ထားသော အမျိုးသမီးငယ်များကို အစားထိုးသရုပ်ဆောင်ပါက အလွန်သင့်လျော်မည်ဖြစ်ပါသည်။ ယင်းကဲ့သို့ မြန်မာဆန်ဆန် ဆင်ယင်ထုံးဖွဲ့ထားသော သမီးပျိုလေးများနှင့်ဤ **"ယဉ်တဲ့သဇင်"**ဂန္ထဝင်တေးကို သီဆိုသရုပ်ဆောင်ကြပါက တေး၏ရသနှင့် သရုပ်ဖော်မှုမှာ အံဝင်ခွင်ကျဖြစ်ကာ ပိုမိုဆီလျော်မည်ဖြစ်ပါသည်။

ဆက်လက်၍ **"စိမ်းလဲ့ကန်သာ"**တေးကို နားထောင်မိပါသည်။

> **"တို့အညာဒေသ ရွာသာယာ ရွာဦးကျောင်းမှာ ထိုအနီးအနားမှာ၊**
> **အလွန် ကြည်စိမ်းလဲ့လဲ့ ရေကန်သာ"**

အစချီသောတေးသည် ဆရာကြီး မန္တလေးဦးဘသိန်း ရေးဖွဲ့သီကုံးထားသော တေးဖြစ်ပါသည်။ အညာဒေသ၏ သာယာပုံ၊ ရွာဦးဘုန်းတော်ကြီးကျောင်း၊ ကျောင်းအနီးရှိ ကြာမျိုးငါးပါးပွင့်ဖူးလျက်ရှိသော စိမ်းလဲ့လဲ့ရေကန်သာ၊ ကျေးရွာသူလုံမပျိုတို့ ကြာဖြူပန်းများကို ကိုင်ဆောင်ကာ ရွာဦးစေတီကို အလေးအမြတ်ကြည်ညို ပန်းကပ်ကြပုံ၊ ဆီမီးထွန်းညှိပူဇော်ကြပုံတို့ကို ဖော်ကျူးသီဖွဲ့ထားပါသည်။ အညာဒေသအလှ၊ လုံမပျိုတို့၏ ယဉ်ကျေးသော အမူအရာ၊ ရတနာသုံးပါးကို အထူးအလေးဂရုပြုကြပုံတို့ကို သိမြင်ခံစားမှုအပြည့်အဝ ဖော်ဆောင်ထားသည့် ဂန္ထဝင်တေးမွန်တစ်ပုဒ်ဖြစ်ပါသည်။ ယင်းကဲ့သို့သော တေးမွန် တေးဟောင်းကို ကာရာအိုကေတွင် အမျိုးသမီးလေးများက ဘောင်းဘီကျပ်ကျပ် ဝတ်ဆင်ကာ ကခုန်ပြီး သရုပ်ဆောင်ကြပါသည်။ ဂန္ထဝင်တေး၏ အနှစ်သာရနှင့် သရုပ်ဆောင်မှုမှာ လုံးဝညီညွတ်ဆီလျော်မှုမရှိဘဲ တခြားစီ ဖြစ်နေပါသည်။

မြန်မာဂန္ထဝင်တေးများကို ရေးဖွဲ့သီကုံးသော တေးပြုစာဆိုကြီးများသည် မြန်မာ့ယဉ်ကျေးမှုကို အထူးချစ်မြတ်နိုးသည်နှင့်အမျှ အလေးဂရုပြုသူများ ဖြစ်ကြသည့်အတွက် တေးပြုစာဆိုတို့၏ ဆန္ဒကို ဥပေက္ခာပြုသကဲ့သို့ ဖြစ်နေပေလိမ့်မည်။ ထို့အတူ တေးပြုစာဆိုကြီးများ၏ စာပေသိက္ခာကိုလည်း ညှိုးနွမ်းစေသည်။ တေးပြုစာဆိုကြီးများ၏ စေတနာကိုလည်း ထိပါးရာရောက်စေသည်။ ဆရာကြီးများ သက်ရှိထင်ရှားရှိနေမည်ဆိုပါက မည်မျှစိတ်မချမ်းမသာ ဖြစ်မည်ကို နားလည်သဘောပေါက်စေလိုပါသည်။

ယခုခေတ် ခေတ်စားနေသော ဗွီစီဒီ ကာရာအိုကေ အခွေများသည် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းရာတွင် အဓိကအခန်းမှ ပါဝင်နေပေသည်။ သို့ဖြစ်ရာ မျိုးဆက်သစ် လူငယ်လူရွယ်များ အသိအမြင် အယူအဆမမှားစေရန် အထူးဆင်ခြင် ကြရမည်သာဖြစ်သည်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော် မအပ်စပ်သော ပြုမူလှုပ်ရှား သရုပ်ဖော်မှုများကို အစဉ်သတိပြုရှောင်ကြဉ်သင့်ပေသည်။

သို့မှသာ အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားပြီး ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဟူသော နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ကို အကောင်အထည်ဖော်ရာ ရောက်ပေလိမ့်မည်။

အချုပ်ဆိုရလျှင် ဤဗွီစီဒီ ကာရာအိုကေအခွေတွင် ပါဝင်သော ဂန္ထဝင်တေးသုံးပုဒ်ကို မြန်မာ့ယဉ်ကျေးမှုနှင့်အညီ ဝတ်စားဆင်ယင်ကာ အဘယ့်ကြောင့် သရုပ်မဆောင်ကြပါသနည်း။ တေးပြုစာဆိုဆရာကြီး မြို့မငြိမ်းရေးဖွဲ့ခဲ့သည့် **'ယဉ်တစ်ကိုယ်မယ်'** တေးစာသားတွင်ပါရှိသော **"ရှက်ဖို့အလွန်ကောင်းသည်"**ဟုပင် ပြောလိုက်ချင်ပါတော့သည်။ ။

> **ယခုခေတ် ခေတ်စားနေသော ဗွီစီဒီ ကာရာအိုကေ အခွေများသည် အမျိုးသားရေးစရိုက်လက္ခဏာများကို ထိန်းသိမ်းရာတွင် အဓိကအခန်းမှ ပါဝင်နေ။ သို့ဖြစ်ရာ မျိုးဆက်သစ်လူငယ်လူရွယ်များ အသိအမြင် အယူအဆ မမှားစေရန် အထူးဆင်ခြင်ကြရမည်သာဖြစ်။ မြန်မာ့ယဉ်ကျေးမှုနှင့် မဆီလျော် မအပ်စပ်သော ပြုမူလှုပ်ရှား သရုပ်ဖော်မှုများကို အစဉ်သတိပြု ရှောင်ကြဉ်သင့်။**

ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက်အတွင်း အလျားပေ ၁၈၀၊ အနံ ၅၅ပေရှိ အပေါ်ဆုံးထပ်ကို သိမ်အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် တာဝတိံသာလမ်းမှ ဦးလှဝင်း–ဒေါ်အေးမြင့်မိသားစု (သံပြားဆိုဒ်စုံ ရောင်းဝယ်ရေး) တို့က မဟာဥပရိပါသာဒသိမ်တော်အဖြစ် ဆောက်လုပ်လှူဒါန်းလျက်ရှိရာ မင်္ဂလာရာမ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ရေဝတသာရ အဂ္ဂမဟာပဏ္ဍိတ (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်) ကြီးမှူး၍ သိမ်နိမိတ်တိုင်နှင့် သိမ်တိုင်စိုက်ထူပွဲ မင်္ဂလာအခမ်းအနားကျင်းပစဉ်။ (က–ပ)

နှစ်ဖက်သောမိဘတို့အား အမှူးထား၍ ရန်ကုန်မြို့ကမ္ဘာအေးနေ မောင်နန္ဒ–မမြသီတာတို့က မြောက်ဥက္ကလာပမြို့နယ် ရွှေအုန်းပင်တောရ စာသင်တိုက် နှစ်ထပ် ဓမ္မာရုံဆောက်ရန်အတွက် နဝကမ္မ အလှူတော်ငွေကျပ်နှစ်သိန်းကို ဖေဖော်ဝါရီ ၁၁ ရက်က ရွှေအုန်းပင်တောရစာသင်တိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ ဓမ္မတိက္ခထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာတွင်တည်ဆောက်မည့် အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များအဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး ဆောက်လုပ်ရန်အတွက် တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ကောလိယလမ်းနေ ကွယ်လွန်သူ ဦးတင်မောင်အားရည်စူး၍ ဒေါ်စိုးမိသားစုက အလှူငွေကျပ်တစ်သိန်းလှူဒါန်းရာ ကျောင်းအကျိုးဆောင် မဟာသိမ်တော်ကြီး စာချနာယက ဆရာတော် အရှင်ဂန္ထသာရက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က–ပ)

ကြေးမုံ The Mirror **အင်တာနက်သတင်း**

လွန်ခဲ့သော နှစ်ပေါင်း ၆၀၀၀ ကတည်းက ငရုတ်သီးကို လူသားတို့စားသုံးခဲ့ကြောင်း တွေ့ရှိ

ပေကျင်း ဖေဖော်ဝါရီ ၁၆

ရှေးကာလက ကျန်ရစ်ခဲ့သောပစ္စည်းအကြွင်းအကျန် အထောက်အထားများအရ ကြည့်မည်ဆိုပါက အမေရိကတိုက် တောင်ပိုင်းဒေသများဖြစ်သည့် ပီရူးနိုင်ငံမှ ဗဟားမားဒေသအထိ နေထိုင်ခဲ့သော ဌာနေလူမျိုးများသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀၀၀အချိန်မှစ၍ ငရုတ်အမျိုးမျိုးကို စိုက်ပျိုး၊ စားသုံးခဲ့သော အထောက်အထားများကို သုတေသီများက တွေ့ရှိခဲ့ကြသည်။

သုတေသီများသည် ရှေးလူများအသုံးပြုသည့် သီနှံကြိတ်သည့် ကျောက်များ၊ ရပ်ကြွင်းများနှင့် မီးသင့်လောင်ထားသော ချက်စရာ ပြုတ်စရာ ပစ္စည်းအကြွင်းအကျန်များကို အနုစိတ် လေ့လာခဲ့သည်။ ထိုသို့ စူးစမ်းရာမှ ငရုတ်မျိုးများကို လူသားတို့ ပျံ့ပျံ့နှံ့နှံ့အသုံးပြုခဲ့သည်ဆိုသော အထောက်အထားကို ရရှိခဲ့ခြင်းဖြစ်သည်။ ဤတွေ့ရှိချက်က ဌာနေလူမျိုးများသည် ငရုတ်ပင်ကို စိုက်ပျိုးထုတ်လုပ်ခဲ့ကြသည်ဆိုသော ရှေးကျသည့် အထောက်အထားကို ဖော်ပြသည်။ ရှေးလူများသည် ရိုးရိုးရှင်းရှင်းသာ စားသုံးကြသည်။ ၎င်းတို့၏ နေ့စဉ်အစားအစာသည် ထွေလီကာလီများဟူသော ယခင်က လက်ခံထားသည့် အယူအဆကို ယခုတွေ့ရှိချက်ကြောင့် ပြန်လည်စဉ်းစားရမည့် အခြေအနေ ဖြစ်ပေါ်လာသည်ဟု သုတေသီအဖွဲ့ခေါင်းဆောင် လင်ဒါပီရီက ပြောကြားသည်။ ၎င်းသည် စမစ်ဆိုးနီးယားပြတိုက်မှ ပညာရှင်တစ်ဦးဖြစ်သည်။

ရှေးဦး အမေရိကန်လူမျိုးများသည် ဗီတာမင်စီဓာတ်ကြွယ်ဝသော ငရုတ်ကို စားသုံးခဲ့ကြသည်။ ၎င်းတို့သည် ငရုတ်ကို ငါး၊ ဆန်၊ ပြောင်း၊ ပဲ၊ ဝဥ စသည်များဖြင့် တွဲဖက်စားသုံးလျှင် လိုက်ဖက်ညီကြောင်းကိုလည်း သိရှိခဲ့ကြဟန်ရှိသည် ဟုဆိုသည်။

ကမ္ဘာသစ်ကို တွေ့ရှိသူ ကိုလံဘတ်သည် အမေရိကတိုက်မှ အပြန်တွင် ငရုတ်မျိုးများကို ဥရောပသို့ ယူဆောင်လာခဲ့သည်။ ထိုအချိန်မှစ၍ ငရုတ်ကို ကမ္ဘာအဝန်း၌ စားသောက်ဖွယ်ရာ ဟင်းခတ်တစ်မျိုးအဖြစ် ကျယ်ကျယ်ပြန့်ပြန့် လက်ခံစားသုံးလာခဲ့သည်။

ယခုအခါ သုတေသီများသည် ငရုတ်ပင်ကို မည်သည့်နေရာ၌ ကနဦး စတင်စိုက်ပျိုး စားသုံးခဲ့သည်ဆိုသောနေရာကို စူးစမ်းဖော်ထုတ်လျက်ရှိသည်။ ၎င်းတို့က ငရုတ်စတင် စိုက်ပျိုးရာနေရာသည် အီကွေဒေါ မဖြစ်နိုင်ဟု ယူဆထားသည်။ အီကွေဒေါသည် ငရုတ်ပင်ရိုင်းများ ပေါက်ရာဒေသဖြစ်သည့် ဘိုလီးဗီးယား၊ ဘရာဇီးနိုင်ငံတို့နှင့် အတော်ဝေးကွာသော နေရာ၌ တည်ရှိသည်။ **အင်တာနက်။**

လူသားတို့ နှစ်ခြိုက်စွာ စားသုံးကြသော ငရုတ်သီး။ *(ဓာတ်ပုံ- အင်တာနက်)*

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ထောက်ပံ့ပစ္စည်းများ ပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာတို့သည် ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်၊ အတွင်းရေးမှူး ဒေါက်တာစိုင်းခမ်းလှိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးသို့ ဖေဖော်ဝါရီ ၁၃ရက်တွင် ရောက်ရှိကြပြီး အသက်(၈၀)မှ (၁၀၁)နှစ်အတွင်း အဘိုးအဘွား ၃၀ တို့အား ပစ္စည်းများ၊ ငွေများဖြင့် ဂါရဝပြုကန်တော့ကြသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များနှင့်တွေ့ဆုံ၍ အသင်း၏လုပ်ငန်းစဉ်များကို ရှင်းလင်းကြရာ အသင်းဝင်များကလည်း ပြန်လည်ဆွေးနွေးကြပြီး ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ရုံးကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် နောင်တာစံပြကျေးရွာ၌ ရပ်ရွာပညာပဒေသာဌာနဖွင့်ပွဲသို့တက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။ နောင်တာစံပြကျေးရွာ ရပ်ရွာပညာပဒေသာဌာနသို့ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ငွေကျပ်ငါးသောင်း ပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်နှင့်အဖွဲ့ဝင်များသည် ဖေဖော်ဝါရီ ၁၄ရက်တွင် ပင်းတယမြို့ ပြည်သူ့ဆေးရုံကြီး၌ အထူးကုဆရာဝန်ကြီးများက လူနာများအား ကုသပေးနေမှုများကို လှည့်လည်ကြည့်ရှု အားပေးကြပြီး ဆေးရုံတက် လူနာများအား အာဟာရနှင့် ငွေများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပင်းတယမြို့ မြို့နယ်ခန်းမ၌ကျင်းပသော ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် UNFPA တို့ ပူးပေါင်းဆောင်ရွက်မည့် မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံ (Maternity Waiting Home) စီမံချက်လုပ်ငန်း အသိပေး ဆွေးနွေးခြင်းနှင့် ရန်ပုံငွေ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့်က စီမံချက်လုပ်ငန်းအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး စီမံချက်ပံ့ပိုးငွေကျပ်သိန်း ၅၀ နှင့် အိမ်သုံးဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက လက်ခံသည်။

ထို့နောက် အတွင်းရေးမှူး ဒေါက်တာဒေါ်ဝေဝေသာက ပင်းတယမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း လုပ်ငန်းများဆောင်ရွက်ရန် မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက ထောက်ပံ့ပေးသော စက်ဘီးနှစ်စီး၊ စာအုပ်၊ စာရေးကိရိယာ၊ စာကြည့်တိုက်အတွက် ပညာရေးဆိုင်ရာ စာအုပ်များနှင့် ပင်းတယမြို့နယ်အတွက် ပျိုရွယ်သူမျိုးဆက်ပွား ကျန်းမာရေးဆင့်ပွားသင်တန်းစရိတ်ငွေကျပ် တစ်ဆယ့်သုံးသိန်း ရှစ်သောင်း သုံးထောင်တို့ကို ပေးအပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်က လက်ခံသည်။

(သတင်းစဉ်)

မိခင်ရင်သွေး ကျန်းမာရေးရိပ်မြုံစီမံချက်လုပ်ငန်း အသိပေးဆွေးနွေးခြင်းနှင့် ရန်ပုံငွေပေးအပ်ခြင်းအခမ်းအနားတွင် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် စီမံချက်ပံ့ပိုးငွေကျပ်သိန်း ၅၀ နှင့် အိမ်သုံးဆေးနှင့် ဆေးပစ္စည်းများကို ရှမ်းပြည်နယ်(တောင်ပိုင်း) မိခင်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်သင်းမျိုးမျိုးအောင်အား ပေးအပ်စဉ်။ (မိခင်/ကလေး)

ဖေဖော်ဝါရီ ၁၆ရက်က လူမှုဝန်ထမ်းဦးစီးဌာန အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်း၏သင်တန်းအမှတ်စဉ် (၁/၂၀၀၇)ဆင်းပွဲကို ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းရှိ သင်တန်းကျောင်းခန်းမ၌ကျင်းပရာ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မြင့်က သင်တန်းသား ၁၇၀ အတွက် သင်တန်းဆင်းလက်မှတ်များကို သင်တန်းသူတစ်ဦးအား ပေးအပ်စဉ်။ (လူမှုဝန်ထမ်း)

အောင်စကြာ မိုးကုတ်ရိပ်သာ ၁၀ရက်တရားစခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

သာကေတမြို့နယ် (၇)ရပ်ကွက်ရှိ အောင်စကြာ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာ၌ ဖေဖော်ဝါရီ ၂၁ ရက်မှ မတ် ၂ ရက်အထိ ၁၀ ရက် တရားစခန်းကို ကျင်းပမည်ဖြစ်ရာ ပြည်တွင်းပြည်ပသာသနာပြုနယ်လှည့်ဓမ္မကထိက အောင်စကြာအရှင်စန္ဒသိရီ(ဓမ္မာစရိယ) နှင့် တပည့်များက ပဋိပတ္တိသမုပ္ပါဒ်နှင့် သစ္စာလေးပါး တရားတော်များကို ဟောကြားပြသမည်ဖြစ်သည်။

၁၀ရက်စခန်း၏ တစ်ဦးတည်း အလှူရှင်အဖြစ် ပုဇွန်တောင်မြို့နယ် ၅၁လမ်းနေ ဦးလှမင်းထွန်း-ဒေါ်ဌေးဌေးလွင်၊ သမီး ငွေယွန်းဝသန်၊ သားလွင်ထွန်းအိမ် ဓမ္မရောင်ခြည်မိသားစုက လွင်ထွန်းအိမ် တစ်နှစ်ပြည့်မွေးနေ့အဖြစ် တရားစခန်းဝင် သံဃာတော်နှင့် ယောဂီများအတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ လှူဒါန်းမည်ဖြစ်သည်။

တရားစခန်း ဝင်လိုသူများသည် ဖေဖော်ဝါရီ ၂၀ရက် ညနေအရောက် လာရောက်ကြရန်နှင့် ကျောင်းတိုက်ဖုန်း-၅၄၇၀၂၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ (က-ပ)

ဘူမိဗေဒ ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တက္ကသိုလ်ဘူမိဗေဒ ကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၉၁-၉၄)၏ ဒုတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၄ရက်(စနေနေ့)နံနက်တွင် ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ တက္ကသိုလ်များဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ပြီး မိတ်ဆုံစားပွဲကို ညနေ ၆နာရီတွင် ကျင်းပရန်စီစဉ်ထားသည်။

အလှူငွေထည့်ဝင်လိုသူများနှင့် မိတ်ဆုံစားပွဲလက်မှတ်ဝယ်လိုသူများ ကိုအောင်သိန်းဖုန်း-၀၉-၅၁၅၀၃၇၄၊ ကိုသန်းမြင့်ဖုန်း-၇၀၀၇၇၄၊၀၉-၅၁၂၀၄၇၄၊ ကိုမောင်မောင်သက် ဖုန်း-၀၉-၅၀၀၉၃၂၃၊ ကိုကျော်ကျော်ဦး ဖုန်း-၀၉-၅၁၅၉၅၃၃၊ ကိုကျော်လင်းဦး(ဒဂုံဆောင်) ဖုန်း-၅၃၄၁၁၂၊ မစုစုဌေး ဖုန်း-၇၂၀၉၁၂၊ မဖြူဖြူခိုင် ဖုန်း-၀၉-၅၁၆၇၈၅၁၊ မသူဇာ ဖုန်း-၀၉-၅၀၂၁၈၉၅ နှင့် မယဉ်မင်းထွေး(မန္တလေးဆောင်)ဖုန်း-၅၃၄၅၀၉တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ (က-ပ)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ရက် နံနက်က ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အားကစားကွင်းတွင်ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေထံမှ ပေးပို့သော သဝဏ်လွှာကို မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင် ဖတ်ကြားစဉ်။ (က-ပ)

တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဒဂုံမြို့သစ်စက်မှုဇုန်များ စစ်ဆေး ပြည်တွင်း၊ ပြည်ပ ဈေးကွက်ရရှိရေး ဆောင်ရွက်ကြရန် မှာကြား

ရန်ကုန် 　 ဖေဖော်ဝါရီ 　 ၁၇

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်းသည် ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဒဂုံမြို့သစ် (တောင်ပိုင်း) စက်မှုဇုန်(၁) စီမံခန့်ခွဲရေးကော်မတီရုံးသို့ ရောက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးသန်းအောင်က ခရိုင်အတွင်းရှိ စက်မှုဇုန်များအလိုက် လုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုလှိုင်က မြို့နယ်အတွင်းရှိ စက်မှုဇုန်များမှ စက်မှုကုန်ပစ္စည်း ထုတ်လုပ်နိုင်မှုနှင့် စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဝင် ဦးကျော်စိုးက စက်မှုဇုန်များကို ရေပေးဝေမှု အခြေအနေကိုလည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဦးမောင်မောင်လတ်က စက်မှုဇုန်များကို လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးမှု အခြေအနေကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒဂုံမြို့သစ်(တောင်ပိုင်း) စက်မှုဇုန် (၁)၊ (၂)နှင့် (၃) စီမံခန့်ခွဲရေးကော်မတီတို့မှ တာဝန်ရှိသူများက စက်မှုဇုန်များအလိုက် လုပ်ငန်းများဆောင်ရွက်မှုအခြေအနေ၊ စက်မှုဇုန်များအတွင်း သန့်ရှင်းရေး၊ သာယာလှပရေးနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး လုပ်ငန်းများဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးက နိုင်ငံတော်၏ စက်မှုလက်မှုကဏ္ဍ မြင့်မားရေးအတွက် စက်မှုလက်မှု လုပ်ငန်းရှင်များက မိမိတို့ လုပ်ငန်းတစ်ခုချင်းအလိုက် ကုန်ပစ္စည်း အလေအလွင့်မရှိစေရေး၊ စက်များ စွမ်းအားပြည့် လည်ပတ်နိုင်ရေး၊ ထုတ်လုပ်မှုမြင့်မားရေး၊ အရည်အသွေး ပြည့်မီရေးနှင့် ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိရေး ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် စက်မှုဇုန်(၁)ရှိ ဦးအောင်မင်း စက်မှုလက်မှုလုပ်ငန်း၌ အနိမ့်ရေတင်စက်နှင့် မြစ်ရေတင်စီမံကိန်းများတွင် အသုံးပြုသည့် ပန့်များထုတ်လုပ်နေမှုကိုလည်းကောင်း၊ ရွှေဝါလျှပ်စစ်လုပ်ငန်းစက်ရုံ၌ "ရွှေဝါ"အမှတ်တံဆိပ် ဒီဂျစ်တယ်မီးအားမြှင့်စက်၊ နံရံကပ် မီးအားမြှင့်စက် ဆေ့ဖ်ဂတ်၊ အော်တိုချုပ်နှင့် လျှပ်စစ်မီးဖိုထုတ်လုပ်နေမှုကိုလည်းကောင်း၊ Myint Shwe Wah Industry Co., Ltd ၏ ပလတ်စတစ် ထုပ်ပိုးခွံစက်ရုံကို လည်းကောင်း၊ Asia World Industries Limited ၏ မြန်မာစက္ကူစက်ရုံကိုလည်းကောင်း၊ Soe Electric and Machinery Co., Ltd ၏ ထရန်စဖော်မာစက်ရုံ၌ ထရန်စဖော်မာ အမျိုးမျိုးထုတ်လုပ်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုသည်။

ထို့မှတစ်ဆင့် တိုင်းမှူးသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံ(အရှေ့) စက်မှုမြို့သို့ သွားရောက်၍ စီမံခန့်ခွဲရေးကော်မတီရုံး၌ စက်မှုဇုန်ရှိ လုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ တာဝန်ရှိသူများက စက်မှုဇုန်ဆိုင်ရာ အချက်အလက်များ၊ စက်ရုံများ လည်ပတ်မှုအခြေအနေနှင့် စက်မှုဇုန်အတွင်း သန့်ရှင်းသာယာရေး၊ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး ဆောင်ရွက်မှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စက်မှုလုပ်ငန်းရှင်များက စက်မှုဇုန်၏ ထုတ်လုပ်မှု မြင့်မားရေးအတွက် လိုအပ်ချက်များကို လည်းကောင်း၊ ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့မှ ဦးမောင်မောင်လတ်က စက်မှုဇုန်များကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် အခြေအနေများကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် ပတ်သက်၍ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြေရှင်းဆည်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားသည်။

ယင်းနောက် တိုင်းမှူးသည် ဒဂုံ(အရှေ့)စက်မှုမြို့ရှိ Diamond Star Co., Ltd ၏ ဂျုံမှုန့်ထုတ်လုပ်သည့် စက်ရုံအတွင်း ဒိုးပျံတံဆိပ် ဂျုံမှုန့်များ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ မြန်မာ့အားမာန် ငါး၊ ပုစွန်ဈေးဖြူရေး အစားအစာထုတ်လုပ်သည့် စက်ရုံ၌ ရေချိုငါး၊ အလှမွေးငါး၊ ရေငန်ပုစွန်၊ ရေချိုပုစွန်နှင့် ပုစွန်ဖြူ အစားအစာများ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ Top Choice ဗလာစာအုပ် ထုတ်လုပ်သည့် စက်ရုံ၌ ဗလာစာအုပ်နှင့် ပုံဆွဲစာအုပ်မျိုးစုံ ထုတ်လုပ်နေမှုကိုလည်းကောင်း၊ National Wood Industry Co., Ltd ၏ သစ်အချောထည် စက်ရုံ၌ သစ်အချောထည် အမျိုးမျိုးထုတ်လုပ်နေမှုကိုလည်းကောင်း လိုက်လံကြည့်ရှုကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဋ္ဌေးဝင်း ဒဂုံ(အရှေ့) စက်မှုမြို့ရှိ Top Choice ဗလာစာအုပ် ထုတ်လုပ်မှုစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ စည်းဝေး

ရန်ကုန် 　 ဖေဖော်ဝါရီ 　 ၁၇

မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၁၆ ရက် ညနေပိုင်းတွင် အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာန (IBC) ၌ ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်နှင့် အလုပ်အမှုဆောင်ကော်မတီဝင်များ၊ အသင်းသား၊ အသင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးအောင်လွင်က သဘာပတိအဖြစ် ဆောင်ရွက်၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က အမှာစကားပြောကြားသည်။ ထို့နောက် UMFCCI ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ဂုဏ်ပြုအမှာစကားပြောကြားပြီး မြန်မာနိုင်ငံသစ်လုပ်ငန်းရှင်များအသင်း အထွေထွေအတွင်းရေးမှူး ဦးအေးလွင်က အမှုဆောင်အဖွဲ့၏ အစီရင်ခံစာ အကျဉ်းချုပ်နှင့် ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး တက်ရောက်လာကြသော အသင်းသား၊ အသင်းသူများမှ အတည်ပြု ကြသည်။

ဆက်လက်၍ UMFCCI အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့သစ်၏ အမည်စာရင်းကို တင်သွင်း ဖတ်ကြားသည်။ ထို့နောက် အသင်းသားများက အလှူငွေများပေးအပ်လှူဒါန်းကြရာ သဘာပတိ ဦးအောင်လွင်က လက်ခံယူပြီး နိဂုံးချုပ် နှုတ်ဆက်စကားပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ သစ်လုပ်ငန်းရှင်များအသင်း (၁၃)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် သဘာပတိ ဦးအောင်လွင်ထံ အသင်းသားများက အလှူငွေများကို ပေးအပ်စဉ်။ (ဓာတ်ပုံ– ကုန်သည်/စက်မှုအသင်းချုပ်)

ဩစတြေးလျနိုင်ငံ နှလုံးရောဂါကုသမှုအဖွဲ့နှင့် မြန်မာဆရာဝန်ကြီးများ ပူးပေါင်း ဆေးကုသ

ရန်ကုန် 　 ဖေဖော်ဝါရီ 　 ၁၇

ဩစတြေးလျနိုင်ငံမှ Dr. Alan Gale ဦးဆောင်သော နှလုံးရောဂါ ကုသမှုအဖွဲ့ (Open Heart Myanmar)တွင် ပါဝင်သော နှလုံးရောဂါကုသမှု ပါရဂူများသည် အမှတ်(၁) တပ်မတော်ဆေးရုံကြီး (ခုတင်–၁၀၀၀)ရှိ နှလုံးအထူးကုပါရဂူများ၊ ခွဲစိတ်ကုသမှုပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများနှင့်အတူ ပူးပေါင်းပြီး နှလုံးရောဂါဝေဒနာရှင်များအား ဖေဖော်ဝါရီ ၁၂ ရက်မှ ၁၅ ရက်အထိ နှလုံးရောဂါ ရှာဖွေစမ်းသပ်ခြင်း၊ နှလုံးသွေးကြောချဲ့ကုသခြင်းနှင့် ခွဲစိတ်ကုသခြင်းများကို ပြုလုပ်ခဲ့ကြပြီး တပ်မတော်သားများ၊ မိသားစုဝင်များနှင့် နှလုံးရောဂါ ဝေဒနာရှင် ၅၀ ကျော်တို့အား ကြည့်ရှုကုသမှုပြုလုပ်ခဲ့ကြသည်။

ယခုအဖွဲ့သည် မြန်မာနိုင်ငံသို့ နှစ်စဉ်နှလုံးရောဂါကုသမှုနှင့်ပတ်သက်၍ လာရောက်ခဲ့သည်မှာ ငါးကြိမ်ရှိပြီဖြစ်သည်။ ထိုအဖွဲ့နှင့်အတူ မြန်မာဆရာဝန်ကြီးများသည် နှလုံးရောဂါဝေဒနာရှင်များအား ဖေဖော်ဝါရီ ၁၆ ရက်မှ ၂၃ရက်အထိ ရောဂါကြည့်ရှုကုသမှုများကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌လည်း နှလုံးရောဂါရှာဖွေကုသမှုနှင့် ခွဲစိတ်မှုများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ်အသင်း နှစ်ပတ်လည်အစည်းအဝေး

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဗဟန်းမြို့နယ်အသင်း (ရန်ကုန်)၏ (၄၃)ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် စမ်းချောင်းမြို့နယ် စမ်းချောင်း လမ်းရှိ မြသိမ်းတန်အောင် မွေ့ရာ၌ ကျင်းပမည်ဖြစ်သည်။

ဘွဲ့တံဆိပ်တော်ရ သံဃာတော် တစ်ပါးနှင့် လူပုဂ္ဂိုလ်တစ်ဦးတို့အား ဂုဏ်ပြုပြီး အသက် (၇၅)နှစ်ပြည့်ပြီး အဘိုးအဘွားတို့အား ပူဇော်ကန်တော့ကြ၍ တက္ကသိုလ်ဝင်စာမေးပွဲ ဂုဏ်ထူးရရှိသူများအား ပညာရည်ချွန်ဆုများ ချီးမြှင့်မည်ဖြစ်ရာ လှူဒါန်းလိုသူများသည် ဥက္ကဋ္ဌ ဦးလှမြင့် ကော်သီပန် (တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး) ဖုန်း– ၅၁၀၃၆၇ နှင့် ၅၁၀၆၁၇တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၄)

နိဗ္ဗာန်ဈေး အလှူရှင်များအား ဂုဏ်ပြုညှော်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် ဗိုလ်တဒါန သံဃာ့ဆေးရုံကြီးတွင် ကျင်းပခဲ့သော (၁၇)ကြိမ်မြောက် နိဗ္ဗာန်ဈေးအလှူမင်္ဂလာပွဲ၌ နိဗ္ဗာန်ဈေးဆိုင်ခန်းများ ဖွင့်လှစ်ရောင်းချပြီး ရရှိသောငွေများကို အလှူရှင်အသီးသီးတို့က ဆေးရုံကြီးသို့ ပြန်လည်ပေးအပ်လှူဒါန်းခြင်းအတွက် အလှူရှင်များနှင့် မိသားစုဝင်များအား ဆေးရုံအုပ်ချုပ်ရေးအဖွဲ့က ဂုဏ်ပြုညှော်ခံပွဲနှင့် စုပေါင်း ရေစက်ချပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက အဆိုပါ ဆေးရုံကြီး အလျှော့တော်မင်္ဂလာခန်းမ၌ ကျင်းပရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယကကြီးများ၊ ဥက္ကဋ္ဌ ဦးမောင်တင်နှင့် အဖွဲ့ဝင်များ၊ နိဗ္ဗာန်ဈေးဆိုင်ခန်း အလှူရှင်များနှင့် ဧည့်သည်တော်များ တက်ရောက်ကြသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၇ (တနင်္ဂနွေနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	ဘဝနောင်ရေးစိတ်အေး ကြောင်းတရားတော် (တွံတေးဆရာတော် အရှင်ဣန္ဒက)
၈း၀၅	Sunday Talk [မျိုးမြတ်သူ၊ ဒေါက်တာဇော်သန်း၊ ကိုကို(စက်မှုတက္ကသိုလ်)]
၈း၅၅	တေးဂီတအစီအစဉ်
၉း၀၀	ကောင်းကင်သစ်ရဲ့အနီး ပုံ့ပိုးဖန်တီးနည်းပညာခရီး
၉း၂၀	ပြည်တွင်းသတင်းအကျဉ်း
၉း၃၀	နိုင်ငံတကာအနုပညာရေးရာ
၁၀း၀၀	တေးဂီတအစီအစဉ်
၁၀း၀၅	မြန်မာ့ဆေးဖက်ဝင် အမည်ဆန်း တပင်တိုင်မြနန်း
၁၀း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၄၀	မိုးလေဝသခန့်မှန်းချက်
၁၀း၄၅	မိသားစုတနင်္ဂနွေ (ရွှေမောဓာနှင့် ရွှေသာလျောင်း)
၁၁း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀	သီးနှံစိုက်ပျိုးအထွက်တိုး "စပါးပန်းတိုင်အထွက်နှုန်း"
၁၁း၃၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၄၀	Yangon Panorama (SMART Technical Services Co.,Ltd. Annual Dinner)
၁၂း၀၀	တေးဂီတအစီအစဉ်
၁၂း၀၅	နတ်မ(ဝိတိုရိယ)တောင်မှ အတွေ့အကြုံများ
၁၂း၃၅	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၄၀	ချည်မျှင်ရှည်ဝါ အထွက်တိုးနည်းပညာ
၁၂း၅၅	တေးဂီတအစီအစဉ်
၁း၀၀	MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ် များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိတစ်ကြိမ်၊ နံနက် ၁ နာရီမှ ၇ နာရီအထိတစ်ကြိမ် လေးကြိမ် ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

FA Cup ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၇း၀၀	ပွဲကြိုသုံးသပ်ချက်	5-Sports(Live)
၇း၃၅	Preston-Man;City	5-Sports(Live)
၁၀း၂၅	Fulham-Tottenham	5-Sports(Live)

Series A ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၈း၃၀	Palermo-Chievo	5-Series(Live)

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စွပ်ကျယ်စက်ရုံ(တောင်သာ)နှင့် တောင်သာဆည် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၁၇

မန္တလေးတိုင်း မြင်းခြံခရိုင် တောင်သာမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်း အလှူငွေပေးအပ်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၆ရက်တွင် တောင်သာမြို့နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းရုံး၌ကျင်းပရာ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အားပေးသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တောင်သာမြို့ တိုးချဲ့ ရေပေးဝေရေးလုပ်ငန်း အလှူငွေ ပေးအပ်ပွဲတွင် အမှာစကားပြောကြားသည်။

ဆက်လက်၍ အလှူငွေပေးအပ်ပွဲကို ကျင်းပရာ တောင်သာမြို့ (၆)ရပ်ကွက်က လှူဒါန်းငွေကျပ်သိန်း ၃၀ နှင့် ငါးသောင်းကို လှူဒါန်းရာ အမှတ်(၁)ရပ်ကွက် ပြည်သူများ ကိုယ်စား ဦးတိုးမောင်က လည်းကောင်း၊ အမှတ်(၂) ရပ်ကွက်ပြည်သူများကိုယ်စား ဦးညွှန့်တင်၊ အမှတ်(၃) ရပ်ကွက် ပြည်သူများကိုယ်စား ဦးလှဝင်း၊ အမှတ်(၄)ရပ်ကွက် ပြည်သူများကိုယ်စား ဦးရာစိုး၊ အမှတ်(၅)ရပ်ကွက် ပြည်သူများ ကိုယ်စား ဦးအောင်ရွှေ၊ အမှတ်(၆) ရပ်ကွက် ပြည်သူများကိုယ်စား ဦးဇင် တို့က အလှူငွေများကို ပေးအပ်ရာ မြင်းခြံခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင် ဦးခင်မောင်တင်က လက်ခံသည်။

ဆက်လက်၍ မန္တလေးမြို့မှ အလှူရှင်များက အလှူငွေများကို ပေးအပ်ကြရာ (AAA)ဘိလပ်မြေ ဦးရွှင်ကျော်က ငွေကျပ်သိန်း ၂၀၊ ပဒေသာကျော်ကုမ္ပဏီ ဦးကျော်ဝင်း နှင့် ဂရိတ်ဝေါကုမ္ပဏီမှ ဦးတင်မောင်တို့က ငွေကျပ် ၁၀သိန်းစီ၊ Man Star ကုမ္ပဏီမှ ဦးမြင့်ဆွေ၊ ကြယ်တာယာ ကုမ္ပဏီမှ ကိုအောင်နိုင်ဦး၊ UD ကုမ္ပဏီမှ ဦးခင်မောင်ဝင်း၊ မော်တော်ယာဉ်ထုတ်လုပ်ရေး ဦးသိန်းဇော်နှင့် ဟိုက်တက်သစ်စက် ဦးအောင်ဝင်းခိုင်တို့က ငွေကျပ်ငါးသိန်းစီတို့ကို အလှူရှင်များကိုယ်စား ပဒေသာကျော် ကုမ္ပဏီ ဦးကျော်ဝင်းက ပေးအပ်လှူဒါန်းရာ တောင်သာမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးအောင်သန်းက လက်ခံသည်။

တောင်သာမြို့ တိုးချဲ့ရေပေးဝေရေးလုပ်ငန်း လုပ်ဆောင်ရန်အတွက် လှူဒါန်းရရှိငွေ စုစုပေါင်းမှာ ငွေကျပ် သိန်း ၁၆၅၁ သိန်း ငါးသောင်းဖြစ်သည်။

ယင်းနောက် တောင်သာမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ခေတ္တအတွင်းရေးမှူး ဦးသန်းဌေးအောင်က ကျေးဇူးတင်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် ညနေ ၄ နာရီတွင် စွပ်ကျယ်စက်ရုံ (တောင်သာ)သို့ ရောက်ရှိပြီး စက်ထိုးထည်အလုပ်ရုံရှိ ခင်းကျင်းပြသထားသော စက်ရုံ၌ အသုံးပြုမည့် ကုန်ကြမ်းများ၊ ချည်ရစ်စက် နှစ်လုံး၏ ချည်ရစ်နေမှု အခြေအနေနှင့် ထိုးထည်စက်ဌာန၏ တစ်ထပ်သား အစင်းကြား ခြောက်ရောင်နှင့် နှစ်ထပ်သား ပိတ်ထိုးစက်နှင့် ပိတ်စစ်စက် နှစ်လုံး ကုန်ထုတ်လုပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဝန်ကြီးသည် အချော ကိုင်အလုပ်ရုံရှိ သာမန်အပူချိန်ဖိအားပေး ဆေးဆိုးစက်နှင့် ပိတ်ရေစိုဖြန့်စက်နှင့် တံဆိပ်ရိုက်နှိပ်စက်များကို လည်းကောင်း၊ ပိတ်အနားဖြတ်စက်၊ ကွပ်ကြိုးဖြတ်စက်နှင့် အပ်ချုပ်စက် အလုံး ၁၅၀ နှင့် တီရှပ်၊ စွပ်ကျယ်၊ စပို့ရှပ်အထည်များ ထုတ်လုပ်မှုနှင့် စက်ရုံမှချုပ်ပြီး အထည်ချောများ ပြသခင်းကျင်းမှုတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့သည်။

ဆက်လက်၍ ညနေ ၅ နာရီတွင် ဝန်ကြီးသည် တောင်သာမြို့ရှိ တောင်သာဆည်သို့ ရောက်ရှိပြီး တောင်သာတောင်၏ စိမ်းလန်းစိုပြည်ရေးအတွက် စိုက်ပျိုးထားရှိမှု အခြေအနေနှင့် မြို့တိုးချဲ့ရေပေးဝေရေးအတွက် ပိုက်များသွယ်တန်းမှု၊ ရေလှောင်ကန်များ တည်ဆောက်မည့် အစီအမံများကို မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအေးမောက်က ရှင်းလင်းတင်ပြပြီး ဝန်ကြီးက ရေပေးဝေရေး အစီအမံများကို စနစ်တကျကြိုတင်ပြင်ဆင် ဆောင်ရွက်ရန်နှင့် လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တောင်နီတောင်ပေါ်ရှိ ရေဂါလန် ၅၀၀၀၀ ဆံ့ ရေစုကန် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးရာ တောင်သာမြို့နယ် စည်ပင်သာယာရေးဦးစီးဌာန အရာရှိ ဦးကျင်အေးနှင့် တာဝန်ရှိသူများက မြေပုံနှင့်တကွ ရှင်းလင်းပြသရာ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်းက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဗဟိုအတွင်းရေးမှူး ဝန်ကြီးသည် တောင်နီအေးကျောင်းတိုက် ဆရာတော် ဦးပန္နိစအား လည်းကောင်း၊ စိန္တိတာရာမ မုန်ပင်ကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တ စိန္တိတအား လည်းကောင်း သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး စိန္တိတာရာမ မုန်ပင်ကျောင်းအတွက် အလှူတော်ငွေကျပ် ငါးသိန်းကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း စွပ်ကျယ်စက်ရုံ(တောင်သာ)တွင် ကြည့်ရှုစစ်ဆေးစဉ်။ (စက်မှု–၁)

ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မူလတန်းကျောင်းများသို့ စာသင်ခုံနှင့် အလှူငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာအုပ်စု ခါတော်မှီဘုန်းတော်ကြီးကျောင်း၌ ကျင်းပသော အခြေခံပညာမူလတန်းကျောင်း နှစ်ကျောင်းသို့ စာသင်ခုံများလှူဒါန်းခြင်းနှင့် ကျွဲလူးအိုင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း တည်ဆောက်နိုင်ရန် အလှူငွေများ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်၍ စာသင်ခုံများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းသည်။

လက်ခံရယူ

ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** ဝါးဘလောက်သောက် ကျေးရွာ အခြေခံပညာ မူလတန်း ကျောင်းသို့ စာရေးစားပွဲနှင့် စာသင်ခုံတွဲလျက် ၁၅ စုံကို လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းရီကလည်းကောင်း၊ ဗဟိုအလုပ်အမှုဆောင် ဒုတိယမြို့တော်ဝန်က ကမာကပတ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းသို့ စာရေးစားပွဲနှင့် စာသင်ခုံတွဲလျက် ၁၅ စုံကို လှူဒါန်းရာ ကျောင်းအုပ်ဆရာကြီး ဦးဖုန်းနိုင်က လည်းကောင်း လက်ခံရယူကြသည်။

ပြန်လည်ပေးအပ်

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က ကျွဲလူးအိုင်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်း တည်ဆောက်ရန် ငွေကျပ် ၁၅ သိန်းကို ပေးအပ်လှူဒါန်းရာ ကျောင်းကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းက လက်ခံရယူပြီး ဝါးဘလောက်သောက်ကျေးရွာအုပ်စု တောင်သူလယ်သမားများ၏ အသင်းဝင်ဆိုပြုလွှာ အစောင် ၃၂၀ ကို ပေးအပ်ရာ ရန်ကုန်တိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအေးမြင့်က လက်ခံရယူပြီး အသင်းဝင် အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

ရင်းရင်းနှီးနှီးတွေ့ဆုံ

အခမ်းအနားအပြီးတွင် ဗဟိုအလုပ်အမှုဆောင် ရန်ကုန်တိုင်း တာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်းနှင့် ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့သည် ဒေသခံ တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့် ပတ်သက်၍ ပြောကြားသည်။ (၁၉)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၈–၂–၂၀၀၇ (တနင်္ဂနွေနေ့)

နံနက်ပိုင်း

၇း၀၀	၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက၊ ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇း၂၅	၂။ ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။ နံနက်ခင်းသတင်း
၇း၄၀	၄။ သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။ ယဉ်ကျေးလိမ္မာ (၃၈)ဖြာမင်္ဂလာ
၈း၀၅	၆။ အတီးပြိုင်ပွဲ
၈း၁၅	၇။ ထပ်ဆင့်အောင်ပွဲ ဇရာဝတီတံတား(ဒေးဒရဲ)
၈း၂၀	၈။ အဆိုပြိုင်ပွဲ
၈း၃၀	၉။ International News.
၈း၄၅	၁၀။ Say it in English.
၉း၀၀	၁၁။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁း၀၀	၁။ စစ်သည်တေး
၁၁း၁၅	၂။ တေးဂီတအစီအစဉ်
၁၁း၂၅	၃။ တစ်ပတ်အတွင်း နိုင်ငံတကာသတင်းစဉ်
၁၁း၄၀	၄။ Yan Can Cook.
၁၁း၅၅	၅။ **ရသစုံလင်ပျော်ရွှင် မြန်မာ့ရုပ်မြင် အစီအစဉ် (ခန့်စည်သူ၊ ချောရတနာ၊ ရတနာ၊ ဖြိုးဖြိုးခိုင်၊ လုလု၊ ကျော်ထူး၊ ဟန်နီထွန်း၊ မင်းခန့်၊ ဇေယျာ၊ ရှက်တယ်၊ နေယံ)**
၁း၄၅	၆။ **"ဘာမထီမောင်တို့စွမ်းအား ပုံညာတောင်ဥမင်ဖောက်လုပ်သွား"**
၂း၀၀	၇။ အကပြိုင်ပွဲ
၂း၁၅	၈။ ဘာသာစကားသင်ကြားလေ့လာ တက္ကသိုလ်မှာ (အပိုင်း–၂)
၂း၂၅	၉။ **"ပေါင်ပေါ်ကျတဲ့မီး" (ရဲအောင်၊ ထွန်းထွန်းနိုင်၊ ညီညီမင်းထက်၊ ဘုန်းလျံ၊ ဟန်နီထွန်း၊ ဝိုင်းစုခိုင်သိန်း) (ဒါရိုက်တာ– မောင်မောင်မြင့်လွင်၊ မင်းအုပ်စိုး)**
၂း၄၅	၁၀။ တေးဂီတအစီအစဉ်
၂း၅၀	၁၁။ International News.
၃း၀၀	၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။ စစ်ချီတေး၊စစ်သည်တေး
၄း၁၅	၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀	၃။ English for Everyday Use.
၄း၄၅	၄။ **အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)**
၄း၅၅	၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
၅း၃၀	၆။ ဆိုကြမယ်၊ ပျော်ကြမယ်
၆း၀၀	၇။ ညနေခင်းသတင်း
၆း၃၀	၈။ မိုးလေဝသအခြေအနေ
၆း၃၅	၉။ သီရိဂေဟာ
၇း၀၀	၁၀။ တွေ့ဆုံဆွေးနွေးရေး၊ တွေ့ဆုံဆွေးနွေးရေးဟုဆိုကာ (အပိုင်း–၃)
၇း၁၀	၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "သမားတော်" (အပိုင်း–၃)**
၈း၀၀	၁၂။ ပြည်တွင်းသတင်း
	၁၃။ နိုင်ငံတကာသတင်းများ
	၁၄။ မိုးလေဝသအခြေအနေ
	၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "လှပသောနေ့ရက်များ" (အပိုင်း–၁၆)**
	၁၆။ နောက်တစ်နေ့အစီအစဉ်
	၁၇။ အစီအစဉ်ပြီး၏။

ပရိယတ္တိ စာမေးပွဲ လှူဒါန်းပူဇော်နိုင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် ပရိယတ္တိအလယ်တိုက်ကျောင်းတွင် (၂၃)ကြိမ်မြောက် မြို့နယ်လုံးဆိုင်ရာ ပရိယတ္တိစာမေးပွဲကို ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်သည်။

စာဖြေ သံဃာတော် အရှင်မြတ်များအား အအေးဆက်ကပ်လှူဒါန်းလိုသူများနှင့် စာအောင် ဆုနှင်းသဘင်ပွဲ ဆက်ကပ်လှူဒါန်းလိုသူများသည် မြို့နယ်ပရိယတ္တိ ထောက်ပံ့ရေးကော်မတီ ဥက္ကဋ္ဌ ဦးချစ်အေး ဖုန်း–၂၂၄၆၂၃၊ အတွင်းရေးမှူး ဦးတင်ဆွေအောင် ဖုန်း– ၂၂၂၆၃၈၊ ဘဏ္ဍာရေးမှူး ဒေါ်သန်းသန်းညွှန့် ဖုန်း–၂၂၈၁၀၄ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(၄၃)

စည်းလုံးခြင်းသည် အင်အား

☆ ထင်းတစ်ချောင်းကို
ဖြောင်းခနဲချိုး၊ လွယ်ကူကျိုးလည်း. . .။

☆ ထင်းတစ်စည်းသည်
စည်းလုံးညီ၍၊ မည်သို့ပင်ချိုး
ဘယ်မကျိုးတည့်။

☆ တစ်ချောင်းစီ"အား"၊ စုပေါင်းထား၍
ထင်းများကျစ်လျစ်၊ အရင်းစစ်သော်
နှောင်ရစ်"ကြိုး"မှာ၊ အခရာမို့
ဘယ်ခါမပြေ၊ တင်းကျပ်နေအောင်
"ကြိုးရှည်ထပ်ထပ်၊ ချည်နှောင်တတ်"မှ. . .
ပြတ်တောက်မသွား၊ ဆွေးမသွားအောင်
"ကြိုးကားခိုင်မာ၊ မျိုးကောင်းပါ"မှ. . .
တာရှည်ထင်းစည်း မြဲလိမ့်တကား။
စည်းသောကြိုးက အရင်းခံတရား။

ကို(တက္ကသိုလ်)

ဇလွန်ပြည်တော်ပြန်ဘုရား ပူဇနိယပွဲတော်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်း ဟင်္သာတခရိုင် ဇလွန်မြို့မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး**(ယာပုံ)**၏ တပေါင်းလဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၉ ရက် (ဖေဖော်ဝါရီ ၂၄ ရက်)မှ တပေါင်းလပြည့်ကျော် ၁ ရက် (မတ်၃ရက်)အထိ ရှစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ဗုဒ္ဓပူဇနိယပွဲတော်တွင် ဗုဒ္ဓပူဇာ၊ ဓမ္မာပူဇာ၊ သံဃပူဇာအဖြစ် ဆွမ်း၊ပန်း ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ခြင်း၊ အထက်စေတီတော်အား ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်းနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပခြင်း၊ ပျော်ပွဲရွှင်ပွဲအဖြစ် မြို့ရွှေမန်းသား၊ ဖိုးချစ်ဇာတ်သဘင်၊ မျိုးဆက်သဘင်၊ ကာရာအိုကေ၊ စင်တင်တေးဂီတ၊ ဗလာပွဲ အဖြစ် ဇာတ်အငြိမ့်၊ ရုပ်ရှင်တို့ ပါဝင်မည်ဖြစ်သည်။ (မြို့နယ်ပြန်/ဆက်)

ပြည်တွင်းသတင်းမှတ်စု

ရွှေဘုန်းပွင့် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပမည်

တောင်ကြီးမြို့ ကျက်သရေဆောင်ရွှေဘုန်းပွင့်ဘုရား တတိယအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကို ဖေဖော်ဝါရီ ၂၈ရက်မှ မတ်၅ရက်အထိ အသံမစဲ မဟာပဋ္ဌာန်းပွဲ၊ ဆီမီးတစ်ထောင်၊ ပန်းတစ်ထောင်ကပ်လှူပူဇော်ပွဲများအပါအဝင် ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

ပြည့်ဝချမ်းသာ နှီးဘုရားကြီး အပူဇော်ခံမည်

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောမြို့ နှီးဘုရားကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကုသလ ဦးဆောင်မှုဖြင့် ဗိသုကာပညာရှင် ရှမ်းအမျိုးသားဆရာကြီး ဦးလုံးဩ (ခေါ်) ဦးဘသိန်း ရက်လုပ်သော အောင်မြေအေးချမ်းပြည့်ဝချမ်းသာ နှီးဘုရားကြီးသည် ကလောမြို့မှ ပုသိမ်မြို့ နိဂြောဓာလမ်း မောင်းထောင်ကျောင်း ပရိယတ္တိစာသင်တိုက်ကြီးတွင် ကိန်းဝပ်စံပယ်သီတင်းသုံး တော်မူမည်ဖြစ်သည်။ ကလောမြို့မှ ပုသိမ်မြို့သို့ပင့်ဆောင်တော်မူစဉ် ဖေဖော်ဝါရီ ၂၄ရက်မှ ၂၈ရက်အထိ ဗဟန်းမြို့နယ် ကြားတောရလမ်း အမှတ် ၂၁/၄၃(စီ) ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ ဧရာဝတီတိုင်း ဓမ္မာရုံကြီးတွင် အပူဇော်ခံမည်ဖြစ်သည်။ မတ်၁ရက်တွင် ရန်ကုန်မြို့မှ ပုသိမ်မြို့သို့ မြတ်စွာဘုရားကိန်းဝပ်စံပယ်ရန်အတွက် ပင့်ဆောင်ရေးအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

မြန်မာ့မီးရထားအငြိမ်းစားများအသင်း နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

မြန်မာ့မီးရထား အငြိမ်းစားများအသင်း၏ ၂၀၀၅–၂၀၀၆ ခုနှစ် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၇ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ရှိ မြန်မာ့မီးရထား အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိ အသင်းဥက္ကဋ္ဌ လက်ထောက်အထွေထွေမန်နေဂျာ(ငြိမ်း) ဦးသန်းအောင်နှင့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး ဦးမင်းဆွေတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ့မီးရထားအငြိမ်းစားများအသင်း၏ အမှုဆောင်အဖွဲ့ကို ပြန်လည်ဖွဲ့စည်းခဲ့သည်။

ယင်းနောက် မြန်မာ့မီးရထားအငြိမ်းစားများအသင်း အမှုဆောင်သစ်အဖွဲ့ဥက္ကဋ္ဌက အမှာစကား ပြောကြားကြောင်း သတင်းရရှိသည်။

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း နှစ်ပတ်လည်အစည်းအဝေးကျင်းပမည်

မြန်မာနိုင်ငံပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေးကို ဖေဖော်ဝါရီ ၂၄ရက် နံနက် ၈နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ၌ ကျင်းပမည်ဖြစ်ပြီး မြန်မာ့ပဲမျိုးစုံနှင့် နှမ်းတိုးချဲ့စိုက်ပျိုးထုတ်လုပ်တင်ပို့ရေး အလုပ်ရုံ ဆွေးနွေးပွဲကိုပါ ပူးတွဲကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြရန်ဖြစ်ကြောင်း သတင်းရရှိသည်။

(ကြေးမုံ)

အင်တာနက်အားကစားသတင်းများ

ဘယ်လ်ဂျီယံတင်းနစ်မယ်ကင် ကလစ်စတား၏ ယှဉ်ပြိုင်ကစားဟန်။
(ဓာတ်ပုံ–အင်တာနက်)

အက်ဖ်အေဖလား ပဉ္စမအကျော့ ဘလက်ဘန်းနှင့်အာဆင်နယ် သရေကျ

လန်ဒန် ဖေဖော်ဝါရီ ၁၇

အင်္ဂလိပ် အက်ဖ်အေဖလား ပဉ္စမအကျော့ဘောလုံးပြိုင်ပွဲကို လန်ဒန်ရှိ အမ်ပရိတ် အားကစားပြိုင်ပွဲရုံတွင် ယနေ့ကျင်းပရာ ဘလက်ဘန်းအသင်းနှင့်အာဆင်နယ်အသင်းတို့ ဂိုးမရှိသရေကျခဲ့ကြသည်။

ကာကွယ်နိုင်

ယင်းပွဲတွင် သီယာရီဟင်နရီနှင့် သီအိုဝေါလ်ကော့တို့ ဂိုးသွင်းရန်အခွင့်အလမ်းများရရှိခဲ့ကြသော်လည်း ဘလက်ဘန်းဂိုးသမား ဘရက်ဒ်ဖရက်ဒယ် ကာကွယ်လိုက်နိုင်သည်။

အလားတူပင် ဘလက်ဘန်းအသင်းမှ မက်ဒါဘီရှိုင်းယားမှာ ဂိုးသွင်းရန်အခွင့်အလမ်းများ ရရှိခဲ့သော်လည်း ဂိုးမရရှိခဲ့ပေ။ **အင်တာနက်။**

အာဆင်နယ်အသင်းမှ ဟင်နရီ(ဝဲ)က ဘောလုံးကိုရယူထိန်းသိမ်းစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ပရိဇီးမက်ဒိုင်းမွန်း တင်းနစ်ပြိုင်ပွဲ ကလစ်စတား အကြိုဗိုလ်လုပွဲတက်

အန့်ဝပ်(ဘယ်ဂျီယံ) ဖေဖော်ဝါရီ ၁၇

ပရိဇီးမက်ဒိုင်းမွန်း တင်းနစ်ပြိုင်ပွဲ၏ အမျိုးသမီးတစ်ဦးချင်း ကွာတားဖိုင်နယ်အဆင့်ပွဲကို ဘယ်လ်ဂျီယံနိုင်ငံ အန့်ဝပ်မြို့တွင် သောကြာနေ့ကကျင်းပရာ ဘယ်လ်ဂျီယံတင်းနစ်မယ် ကင်ကလစ်စတားက ဆာဗီးယားတင်းနစ်မယ် အင်နာအီဗန်နိုဗစ်အား ၆–၂၊ ၆–၁ ဖြင့်အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ပြီဖြစ်သည်။

မော်ရက်စ်မို

ကလစ်စတားနည်းတူ အကြိုဗိုလ်လုပွဲအဆင့်သို့တက်လှမ်းနိုင်သူမှာ ပြင်သစ်တင်းနစ်မယ် အမ်ဗယ်လီမော်ရက်စ်မိုဖြစ်သည်။ မော်ရက်စ်မိုသည် လက်ရှိချန်ပီယံဖြစ်ပြီး ရုရှားတင်းနစ်မယ် ဒိုင်နာရာဆာဖီနာကို ၆–၁၊ ၆–၃ဖြင့် အနိုင်ရရှိခဲ့သည်။ **အင်တာနက်။**

ဖေဖော်ဝါရီ ၁၁ ရက်က ဖလော့ရင့်ဖို့တွင်ကျင်းပသော စီးရီးအေ ဘောလုံးပြိုင်ပွဲတွင် ဖီအိုရင်တီးနားအသင်းနှင့် အူဒီးနီးစ်အသင်းတို့ အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြစဉ်။
(ဓာတ်ပုံ–အင်တာနက်)

ဖီအိုရင်တီးနားအသင်းတွင် လူကာတိုနီဆက်လက်ရှိနေမည်

မီလန် ဖေဖော်ဝါရီ ၁၇

မိမိတို့အသင်းမှ လူကာတိုနီအား လက်ရှိဘောလုံးရာသီကုန်ဆုံးချိန်တွင် ဂျူဗင်တပ်အသင်းသို့ ရောင်းချမည်ဆိုခြင်းမှာ မှန်ကန်ခြင်းမရှိကြောင်း အီတလီ စီးရီးအေ ဘောလုံးပြိုင်ပွဲဝင် ဖီအိုရင်တီးနားအသင်း၏ အားကစားရေးရာ ညွှန်ကြားရေးမှူး ပန်တာလီယို ကော်ဗင်နိုက ယနေ့ပြောကြားသည်။

မိမိတို့အသင်းသည် အရည်အသွေးမြင့်မားသူ ဘောလုံးသမားများကို လက်လွှတ်ဆုံးရှုံးခံမည်မဟုတ်ကြောင်း ကော်ဗင်နိုကပြောကြားသည်။

တိုနီနှင့်မူတူးတို့သည် ၂၁ဂိုး သွင်းထားနိုင်သူများဖြစ်ကြောင်း၊ မိမိတို့အသင်းသည် အသင်းကြီးဖြစ်သည့်အားလျော်စွာ ထူးချွန်သောဘောလုံးသမားများကို ဆက်လက်စုစည်းထားမည်သာဖြစ်ကြောင်း ကော်ဗင်နိုက ပြောကြားသည်။ **အင်တာနက်။**

MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က ၂၀၀၇ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်းတံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပထမရရှိသွားသော ဘိုဘိုအား တံခွန်စိုက်ဆုဖလားကို ချီးမြှင့်စဉ်။ (ဂေါက်သီးရိုက်အဖွဲ့ချုပ်)

တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ စုစုပေါင်းရိုက်ချက် ၂၉၄ ချက်ဖြင့် ဘိုဘို ပထမရရှိ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ ဂေါက်သီးရိုက် အဖွဲ့ချုပ်က ကြီးမှူး၍ Myanmar Brewery Ltd က အဓိက ကူညီပံ့ပိုးသော ၂၀၀၇ ခုနှစ် တိုက်ဂါး-မြန်မာ အပျော်တမ်း တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ (Tiger Myanmar Amateur Open 2007)၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်သည့် အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ရန်ကုန်မြို့ရှိ ရန်ကုန်ဂေါက်ကလပ်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲ၏ စတုတ္ထနေ့ ၁၈ ကျင်းပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်သည့် အခမ်းအနားကိုကျင်းပရာ Myanmar Brewery Ltd., General Manager ဒုတိယဗိုလ်မှူးကြီး မောင်မောင်စိန် (ငြိမ်း)က Putting Challenge ပြိုင်ပွဲတွင် အနိုင်ရရှိသူ စိုးမိုးဝင်းအား ဆုများကို ချီးမြှင့်ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua က နေ့အလိုက် အကောင်းဆုံးရိုက်ချက်ဆု (Daily Best) ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဆုများ ကို ချီးမြှင့်ကာ Myanmar Brewery Ltd., မှ General Manager, Mr. Peter Ong က ပြိုင်ပွဲ၏ အဆင့် (၁၀)မှ (၇)အထိရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ပြိုင်ပွဲ၏ အဆင့်(၆)မှ အဆင့်(၄) အထိ ရရှိကြသော ဂေါက်သီးရိုက် အားကစားသမားများအား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ MPGA နှင့် MGF ဥက္ကဋ္ဌ ဗိုလ်ချုပ်ဝင်းလှိုင်(ငြိမ်း)က စုစုပေါင်းရိုက်ချက် ၂၉၉ ချက်ဖြင့် တတိယရရှိသော အောင်ဝင်း၊ စုစုပေါင်း ၂၉၇ ချက်ဖြင့် ဒုတိယရရှိသော နေဗလဝင်းမြင့်နှင့် စုစုပေါင်း ၂၉၄ ချက် ပထမရရှိသော ဘိုဘိုတို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ထို့နောက် Myanmar Brewery Ltd က ချီးမြှင့်သော Thank You Plaque ကို General Manager, Mr. Peter Ong က ပေးအပ်ရာ Chairman of Course Committee, Yangon Golf Club မှ ဦးခိုင်စိုးသာက လက်ခံသည်။

ယင်းပြိုင်ပွဲ၏ Main Sponsor မှာ Myanmar Brewery Ltd., ဖြစ်၍ Co-Sponsors များအဖြစ် Alpine Purified Drinking Water, Srixon, Point Golf Gear Factory, Air Mandalay, Osim နှင့် Accel International Co., Ltd., (Canon) တို့ကလည်း ထပ်မံ၍ ပံ့ပိုးကူညီကြပြီး ပြိုင်ပွဲဖြစ်မြောက် အောင်မြင်ရေးအတွက် (Organized By Han Event Management) က တာဝန်ယူဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပထမတန်း ကွင်းပိတ် ရှုံး/ထွက်ဘောလုံးပြိုင်ပွဲ တပ်မတော် (ကြည်း)အသင်း အနိုင်ရဗိုလ်စွဲ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ ပထမတန်း ကွင်းပိတ်/ရှုံးထွက် ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် Royal Eleven အသင်းနှင့် တပ်မတော်(ကြည်း)အသင်းတို့ ယနေ့ညနေ ၃ နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ ယှဉ်ပြိုင်ကစားကြရာ တပ်မတော်(ကြည်း)အသင်းက နှစ်ဂိုးတစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

တပ်မတော်(ကြည်း)အသင်း နှစ်ဂိုး
(မင်းကြည်)
Royal Eleven **အသင်း တစ်ဂိုး**
(နိုင်ဦးလွင်)
ဒိုင်လူကြီး ဦးစိုးမိုးကျော်

Royal Eleven အသင်းမှာ ဦးဆောင် ဂိုး စတင်သွင်းယူနိုင်သော်လည်း အနိုင်ကိုမထိန်းနိုင်၍ ဂိုးနှစ်ဂိုး ပြန်ပေးရပြီး ချန်ပီယံဆုဖလားနှင့် လက်တစ်ကမ်းအကွာမှ လက်လွှတ်ခဲ့ရသည်။ တပ်မတော်(ကြည်း)အသင်းမှာ ဂိုးပေးရပြီး နောက်ပိုင်းခံစစ်ကို အသားပေးကစားခဲ့သော Royal Eleven အသင်းကို တရစပ်ဖိကစားပြီး ချေပဂိုးနှင့် အနိုင်ဂိုး ပြန်လည်သွင်းယူနိုင်ခဲ့၍ ကွင်းပိတ်ဖလားအား ဆွတ်ခူးရရှိခဲ့ခြင်းဖြစ်သည်။

Royal Eleven အသင်းနှင့် တပ်မတော်(ကြည်း) အသင်းတို့သည် ယခုနှစ် ဘောလုံးရာသီ ကွင်းဖွင့်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် တွေ့ဆုံခဲ့ဖူးပြီး တပ်မတော်(ကြည်း)အသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သလို ယခုကွင်းပိတ်ဗိုလ်လုပွဲတွင် ထပ်မံတွေ့ဆုံရာတွင်လည်း တပ်မတော်(ကြည်း)ကပင် ထပ်မံအနိုင်ရ ဗိုလ်စွဲသွားသည်။

မြန်မာ့ လက်ရွေးစင်ဟောင်းများဖြစ်ကြသည့် မောင်မောင်ကြီးနှင့် မာလ၊ လူငယ်လက်ရွေးစင်ဟောင်း အောင်မြင့်သိန်းတို့ ဦးဆောင်ပါဝင်လာသည့် Royal Eleven အသင်းမှာ ပွဲစကတည်းက ဂိုးရရေးကြိုးစားခဲ့သော်လည်း ရရှိသည့် အခွင့်အရေးတချို့ကို အသုံးမချနိုင်ခဲ့၍ ဂိုးမရဖြစ်နေသည်။ တပ်မတော် (ကြည်း)အသင်းမှာလည်း Royal Eleven အသင်း၏ တိုက်စစ်ကို ပိတ်ဆို့ကစားပြီး အခွင့်အရေးရသည်နှင့် ဂိုးရရေးအတွက် ကြိုးစားကစားခဲ့သော်လည်း ပထမပိုင်းပြီးသည်အထိ ဂိုးရအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

ဒုတိယပိုင်းတွင် Royal Eleven အသင်းမှာ ဂိုးရရေးအတွက် တိုက်စစ်အား မြှင့်တင်လာပြီး ၁၆ မိနစ်တွင် စိုးကျော်သူ ဂိုးရှေ့ဖြတ်ပို့သောဘောလုံးကို နိုင်ဦးလွင်က ပြေးဝင်ခေါင်းတိုက်လိုက်၍ ဂိုး စတင်ရရှိသွားသည်။ Royal Eleven အသင်းမှာ ဂိုးရပြီးနောက်ပိုင်း ခံစစ်ကို အသားပေးကစားလိုက်ရာ တပ်မတော်(ကြည်း)အသင်း ပိုမိုဖိကစားလာနိုင်ပြီး ၃၈ မိနစ်တွင် မင်းကြည်က ခေါင်းတိုက်ပြီး ချေပဂိုးသွင်းယူလိုက်သည်။ တပ်မတော်(ကြည်း) အတွက် အနိုင်ဂိုးကို ၄၂ မိနစ်တွင် မင်းကြည်ကပင် တန်ပြန်တိုက်စစ်မှ တစ်ဆင့် သွင်းယူသွားသည်။

ဆုချီးမြှင့်

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင်၊ နည်းစနစ်ကော်မတီဝင် ဦးအေးမောင်ကြီးက ပထမတန်း အမှတ်ပေးပြိုင်ပွဲ၌ စတုတ္ထဆုရ VIVA အသင်းအား ဆုကြေးကျပ် ငါးသိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် နည်းစနစ်တာဝန်ခံ ဦးစိုးမြင့်လွင်က အမှတ်ပေးပြိုင်ပွဲ၌ တတိယဆုရ တပ်မတော်(ရေ) အသင်းအား ဆုကြေးကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အမှုဆောင် ဦးတင်အောင် (ဂိုး) က အမှတ်ပေးပြိုင်ပွဲ၌ ဒုတိယဆုရ တပ်မတော်(ကြည်း) အသင်းအား ဆုတံဆိပ်နှင့် ဆုကြေးကျပ် ၁၅ သိန်းနှင့် ကွင်းပိတ်ပြိုင်ပွဲ၌ ဒုတိယဆုရ Royal Eleven အသင်း အားတစ်ဦးချင်းဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ငါးသိန်းတို့လည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ကွင်းပိတ်ပြိုင်ပွဲ၌ ပထမဆုရ တပ်မတော်(ကြည်း)အသင်းအား တစ်ဦးချင်းစီ ဆုတံဆိပ်များကိုလည်းကောင်း၊ ပထမတန်း၌ သွင်းဂိုး ၁၁ ဂိုးစီဖြင့် ဂိုးသွင်းအများဆုံးဆုအား ပူးတွဲရရှိသွားသည့် သက်နိုင် (တပ်မတော်-ကြည်း)နှင့် နိုင်ဦးလွင် Royal Eleven တို့ အား ရွှေဖိနပ်နှင့် ကျပ်သုံးသိန်းစီကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်က အမှတ်ပေးပြိုင်ပွဲ၌ ပထမဆုရ Royal Eleven အသင်းအား တစ်ဦးချင်း ဆုတံဆိပ်၊ တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ကျပ်သိန်း ၂၀ ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က ကွင်းပိတ်ပြိုင်ပွဲပထမဆုရတပ်မတော်(ကြည်း) အသင်းအား တံခွန်စိုက်ဆုဖလား၊ ဆင့်ပွားဖလားနှင့် ကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်သည်။

၂၀၀၆-၂၀၀၇ ဘောလုံးရာသီ ပထမတန်းပြိုင်ပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ ကွင်းဖွင့်ပြိုင်ပွဲ၌ ပထမ တပ်မတော်(ကြည်း)၊ ဒုတိယ Royal Eleven၊ အမှတ်ပေးပြိုင်ပွဲ၌ ပထမ Royal Eleven၊ ဒုတိယ တပ်မတော်(ကြည်း)၊ ကွင်းပိတ်ပြိုင်ပွဲ၌ ပထမ တပ်မတော်(ကြည်း) ဒုတိယ Royal Eleven တို့ ရရှိကြသည်။ (ကြေးမုံ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် ကွင်းပိတ်ပြိုင်ပွဲ၌ ပထမဆုရ တပ်မတော်ကြည်းအသင်းအား တံခွန်စိုက်ဆုဖလား ချီးမြှင့်စဉ်။ ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် ခရီးရှည်စက်ဘီးစီးပြိုင်ပွဲ ကျောက်ပန်းတောင်း-မြင်းခြံ ခရီးစဉ် ဆုပေးပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကုန်-ပြည်-မန္တလေး-ရန်ကုန် မိုင် ၁၀၀၀ ခရီးရှည် အမျိုးသားစက်ဘီးစီးပြိုင်ပွဲ (Tour of Myanmar 1000 Miles Cycling Race 2007)**၏ ကျောက်ပန်းတောင်း-မြင်းခြံ ခရီးစဉ်ဖွင့်ပွဲကို ယနေ့နံနက် ၆ နာရီ မိနစ် ၂၀ တွင် ကျောက်ပန်းတောင်းမြို့ သာသနာ့ဗိမာန်ရှေ့၌ ကျင်းပရာ ကျောက်ပန်းတောင်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင် မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးချစ်စိန်က သေနတ်ပစ်ဖောက်၍ တာလွှတ်ပေးသည်။**

ပြိုင်ပွဲဝင် စက်ဘီးအားကစားသမားများသည် ကျောက်ပန်းတောင်းမြို့မှ ပုပ္ပားတောင်၊ ဇျတ္တပန်းဆက် လမ်းဆုံ၊ မြင်စိုင်းတောင် သစ်တောကြိုးဝိုင်း၊ ဝဲလောင်၊ တောင်သာမြို့များကို ဖြတ်သန်းစီးနင်းပြီး မြင်းခြံမြို့သို့ နံနက် ၉ နာရီခန့်တွင် ရောက်ရှိကြသည်။ ကျောက်ပန်းတောင်း-မြင်းခြံခရီးစဉ်၏ ဖြတ်သန်းရာ လမ်းတစ်လျှောက်ရှိ မြို့ရွာများမှ ပြည်သူများက လမ်းဘေးဝဲ၊ ယာမှ သောင်းသောင်းဖြဖြ ကြိုဆိုအားပေးကြပြီး မြင်းခြံမြို့ ကြိုဆိုရေးမဏ္ဍပ်၌ Myanmar Towards Co., Ltd. မှ Unique Dancer အဖွဲ့က တေးဂီတများဖြင့် ဖျော်ဖြေကြသည်။

ကျောက်ပန်းတောင်းမြို့မှ ပြိုင်ပွဲဝင် ၇၆ ဦး တာထွက်ယှဉ်ပြိုင်ရာ မြင်းခြံမြို့သို့ ၇၀ အောင်မြင်စွာ ပန်းဝင်နိုင်ကြသည်။ မြင်းခြံမြို့သို့ ဦးဆောင်ပန်းဝင်နိုင်သူ သုံးဦးမှာ ဝင်းလှိုင်(လယ်/ဆည်) က ပထမ၊ မြင့်အေး(ဘဏ္ဍာ/အခွန်) က ဒုတိယ၊ ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)က တတိယရရှိကြသည်။

ကျောက်ပန်းတောင်း-မြင်းခြံခရီးစဉ်အတွက် ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် မြင်းခြံမြို့ မဏိကဥ္စနာခန်းမ၌ကျင်းပရာ ရှေးဦးစွာ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ရီရီမြင့်က တတိယရရှိသော ကျော်မျိုးလှိုင် (ဘဏ္ဍာ/အခွန်)အား ငွေကျပ်တစ်သောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အားကစားနှင့်ကာယပညာဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဗိုလ်မှူးစောသန်းနိုင်က ဒုတိယရရှိသော မြင့်အေး(ဘဏ္ဍာ/အခွန်)အား ငွေကျပ် နှစ်သောင်းကိုလည်းကောင်း၊ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးဝင်းရွှေက ပထမရရှိသော ဝင်းလှိုင်(လယ်/ဆည်)အား အဝါရောင်အင်္ကျီနှင့် ငွေကျပ်သုံးသောင်းကိုလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

မိုင် ၁၀၀၀ ခရီးရှည် အမျိုးသား စက်ဘီးစီးပြိုင်ပွဲ၏ မြင်းခြံ-မန္တလေး ခရီးစဉ် (သတ္တမနေ့ပွဲစဉ်)ကို ဖေဖော်ဝါရီ ၁၈ ရက်တွင် ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုင် ၁၀၀၀ ခရီးရှည်အမျိုးသား စက်ဘီးစီးပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်သူများ ပြည်-တောင်တွင်းကြီး ခရီးစဉ်တွင် စီးနင်းယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားတံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ၏ လမ်းညွှန်မှုဖြင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် ၂၀၀၇ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ ဒိုင်း(၅၅)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ ညနေ ၃ နာရီခွဲတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၇ ရက်မှ ၂၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီခွဲမှ စတင်၍ လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

တစ်ချက်တည်း ကျင်းဝင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဦးအောင်စိုးမိုးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့တော်ဂေါက်ကွင်း မြကန်သာကွင်း၌ ဖေဖော်ဝါရီ ၁၄ရက် ညနေပိုင်းတွင် ဂေါက်သီးရိုက်ကစားစဉ် ကျင်းအမှတ်(၁၁)၌ ကိုက် ၁၂၀အကွာမှ Wilson Staff 2 ဘောလုံးကို Ping(G-2)-9 တုတ်ဖြင့် ရိုက်လိုက်ရာ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

ထိုအချိန်၌ ကစားဖော်များဖြစ်ကြသော ဦးမျိုးသန့်၊ ဦးအောင်ကိုဇော်၊ ဦးငွေးကြူ၊ ဦးမျိုးဝင်းတို့အတူ ကစားလျက်ရှိကြောင်း သိရသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း သာကေတမြို့နယ် ဇိနမာရ်အောင်စေတီတော်ဝတ္တကမြေအတွင်း စေတဂ်ရ ရဟန္တာ (အရှင်ဗာဟိယဒါရုစီရိယ) ပုံတော် တည်ထားကိုးကွယ်ရန်အတွက် သာကေတမြို့နယ် ကျောက်တိုင်ရေစက်ဝင်းနေ ဦးစိန်ထွန်း (ရေသန့်တာဝန်ခံအင်ဂျင်နီယာဌာန)-ဒေါ်လှလှသန်း၊(သား) မောင်ဟန်ထွန်းဇော် မိသားစုက ငွေကျပ်သုံးသိန်းကို ဂေါပကအဖွဲ့အတွင်းရေးမှူး ဦးလှထွန်း၊ အဖွဲ့ဝင် ဦးမြမောင်တို့ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

လူငယ့်အားမာန် စာကြည့်တိုက်သစ်ဖွင့်

ပဲခူး ဖေဖော်ဝါရီ ၁၅

ပဲခူးမြို့ ဟသ်ာကုန်း ရပ်ကွက် လူငယ့်အားမာန် ပညာ့အလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်သစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၁ရက် နံနက် ၈နာရီက ကျင်းပရာ ပဲခူးမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးတင့်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှနှင့် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးရဲမြင့်ထွန်းတို့က စာကြည့်တိုက်သစ်ကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

(ခရိုင်ပြန်/ဆက်)

စည်ပင်သာယာရေး ဦးစီးဌာန (ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးကျော်ဆန်းနှင့်အဖွဲ့ ပဲခူးတိုင်း သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ခုနှစ်တွင် မြို့ပြ ရေပေးရေးလုပ်ငန်းဖြစ်သည့် အောင်မင်္ဂလာကန် အဆင့်မြှင့် ဝင်းခြံကာရံမှုကို ဒီဇင်ဘာ ၂၆ ရက်က စစ်ဆေးပြီး ရေကန်အတွင်းနှင့် ဝန်းကျင်သန့်ရှင်းရေးဆောင်ရွက်ရေး ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ အခမ်းအနားကျင်းပ၊ ကျေးလက်လမ်းများဖွင့်လှစ်

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့အခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်က တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးရှေ့တွင်ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ပေးပို့သောသဝဏ်လွှာကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော် ဖတ်ကြားစဉ်။ (၅၂၆)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၆-၂၀၀၇ ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့် ကျေးလက်ရေငံ-ထန်းပင်ချောင်ဂဝံလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ ဆင်တလင်းကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနေမန်းတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ်စည်ပင်)

နှစ်(၆၀)ပြည့် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် မိုးကုတ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ကသည်းအုပ်စု၊ ကမ္ဘာအေးရပ်ကွက် ပြည်သူများ ပူးပေါင်း ဆောင်ရွက်သည့် ရေဦးကြီးလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲကို ဖေဖော်ဝါရီ ၅ ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးကူးမားတို့ လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ်စည်ပင်)

သတင်းထောက်ကတ်ပြားအသစ်များ စိစစ်လဲလှယ်ပေးမည်

၁။ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ကြေးမုံသတင်းစာတိုက်မှ ခန့်အပ်တာဝန်ပေးခဲ့သော ပြည်နယ်နှင့် တိုင်းအသီးသီးမှ မြို့နယ်သတင်းထောက်များ၏ သတင်းထောက်ကတ်ပြားများကို ပြန်လည်စိစစ် လဲလှယ်ပေးမည်ဖြစ်ပါ၍ ၃၁-၃-၂၀၀၇ရက် (စနေနေ့) နောက်ဆုံးထားပြီး အောက်ဖော်ပြပါ အချက်အလက်များနှင့်အတူ ဤသတင်းစာတိုက်သို့ ပေးပို့ကြရန် ဖြစ်ပါသည်-

(က) လွန်ခဲ့သော (၃)လအတွင်း ရိုက်ကူးထားသည့် ပတ်စပို့အရွယ်ဓာတ်ပုံ(၂)ပုံ၊

(ခ) ကိုယ်ရေးအကျဉ်းချုပ်၊

(ဂ) အမျိုးသားမှတ်ပုံတင် (သို့) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊

(ဃ) သတင်းထောက်အဖြစ် ဆက်လက်ဆောင်ရွက်လိုကြောင်း ဆန္ဒပြုလွှာ၊

(င) သက်ဆိုင်ရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သက်ရှိထင်ရှားရှိပြီး သတင်းထောက်အဖြစ် ဆက်လက်ခန့်ထားသင့်ကြောင်း ထောက်ခံချက်၊

(စ) သက်ဆိုင်ရာ မြို့နယ်ရဲတပ်ဖွဲ့၏ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်၊

(ဆ) မြို့နယ်သတင်းထောက်ကတ်ပြားအဟောင်းကို ပြန်လည်အပ်နှံရမည်။

၂။ နောက်ဆုံးပေးပို့ရမည့်ရက်ထက် ကျော်လွန်ရောက်ရှိလာသူများအား မြို့နယ် သတင်းထောက်များစာရင်းမှ ပယ်ဖျက်သွားမည် ဖြစ်သည်။

ကြေးမုံသတင်းစာတိုက်

မကွေးတိုင်း ဂန့်ဂေါခရိုင် ကျောက်ထုမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့နယ်တာဝန်ခံဦးဟန်မြင့်၊ တာဝန်ခံအင်ဂျင်နီယာဦးအောင်အောင်တို့သည် အဖွဲ့ဝန်ထမ်းများနှင့်အတူ ဇန်နဝါရီ ၂၅ ရက်က မြို့သန့်ရှင်းသာယာလှပစေရေးအတွက် မြို့ဝင်ဆိုင်းဘုတ်အနီး သန့်ရှင်းရေး ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

မြို့သာယာလှပရေး ဆောင်ရွက်

ဖားကန့် ဖေဖော်ဝါရီ ၉

ဖားကန့်မြို့ သန့်ရှင်းသပ်ရပ်ရေးအတွက် ဖားကန့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်လျက်ရှိရာ ငှက်ပျောတောရပ်ကွက်အတွင်းရှိ ရှမ်းပိုင်းလမ်း သန့်ရှင်းရေး ဆောင်ရွက်ခြင်းလုပ်ငန်း များကို ဖေဖော်ဝါရီ ၉ ရက်က အမှုဆောင်အရာရှိ ဦးမြင့်အောင် ကြီးကြပ်၍ ဒု-ဦးစီးမှူး၊ ဦးမြင့်ဒွေး ဦးဆောင်သော ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြို့ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာမြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်း (မူလကျောင်းဟောင်းအနောက်ဘက်) တိုးချဲ့မြေ နှစ်ဧကဝယ်ယူရန်နှင့် သာသနိကအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ တာမွေမြို့နယ် ကျောက်မြောင်းကြီးရပ်ကွက် သြဘာလမ်းနေ ဒေါ်ဥမ္မာသွင် MCC (Tamwe) မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ ကို ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း အမှူးဆောင်ဆရာတော် မြစ်ကျိုး–အရှင်ဝိလာသ (ဓမ္မာစရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

အင်းစိန်ဆေးရုံကြီးအတွင်း ဖွင့်လှစ်ထားသည့် သံဃာ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသည့် ဂိလာနသံဃာတော်များ ထာဝရဆေးပဒေသာပင်အတွက် အင်းစိန်ဈေးသူဈေးသားများ လှူဒါန်းငွေကျပ် ၇၅၀၀၀၀ ကို ဈေးသူဈေးသားများကိုယ်စား ဦးလှသန်းနှင့် အဖွဲ့က နိုင်ငံတော်သြဝါဒါစရိယအဖွဲ့ဝင် ရွှာမပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တတိလောကာဘိဝံသ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းရာ သံဃာ့ဆေးရုံကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဆွေ လက်ခံယူစဉ်။ (၆၁)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ့စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းများအတွက် ဖေဖော်ဝါရီ ၁၃ ရက်က မော်လမြိုင်မြို့ ကျိုက်ဖနဲဘုရားလမ်း စက်တန်းရပ်နေ ဦးစန်းမြင့်–ဒေါ်မြခင်၊ သမီး၊ မြေး တစ်စုက ငွေကျပ် ၂၅၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (၃၀၇)

ပခုက္ကူအသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌ ပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ရ ဘဒ္ဒန္တသောဘဏ (မြသိန်းတန်ကျောင်း ပုဇွန်တောင်မြို့နယ်) အမှူးပြု၍ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့များရသည့် သံဃာတော်အရှင်သူမြတ် ခြောက်ပါးနှင့် သီလရှင်ဆရာကြီးတစ်ပါး တို့အား ပခုက္ကူအသင်း (ရန်ကုန်)မှ ဂုဏဝိသိဋ္ဌပူဇာသဘင်ပွဲကို မတ် ၄ ရက်၊ (တပေါင်းလပြည့်ကျော် ၂ ရက်) (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊အလှူရှင်များ ကြွရောက်ကြည်ညိုပူဇော်ကြရန် အမှူဆောင်အဖွဲ့က ဖိတ်ကြားထားသည်ဟု သိရသည်။ (၂၃)

တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်ခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေး လုပ်ငန်းနှင့် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်းတွင် အသုံးပြုရန် လိုအပ်သော စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများအတွက် တင်ဒါပေးသွင်းမှုကို ၁၉–၂–၂၀၀၇ ရက် ၁၆း၃၀နာရီတွင် ပိတ်မည်ဖြစ်ကြောင်း၊ ၉–၂–၂၀၀၇ရက်မှ ၁၁–၂–၂၀၀၇ရက်နေ့အထိ နေ့စဉ် ထုတ်ဝေသည့် သတင်းစာများတွင် ကြော်ငြာခဲ့ပါသည်။

၂။ အဆိုပါ စက္ကူ၊ မင်နှင့် ပုံနှိပ်လုပ်ငန်းသုံး ပစ္စည်းများအတွက် တင်ဒါပိတ်ရက်ကို ၁၉–၂–၂၀၀၇ရက် ၁၆း၃၀နာရီအစား ၂၆–၂–၂၀၀၇ရက် ၁၆း၃၀နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်ပါကြောင်း အကြောင်းကြားပါသည်။

ပြည်တွင်း/ပြည်ပ ပစ္စည်းများ ဝယ်ယူရေးနှင့်
ထုခွဲရောင်းချရေးကော်မတီ၊ ပြန်ကြားရေးဝန်ကြီးဌာန
ဖုန်း–၀၁–၅၃၇၆၈၅
၀၆၇–၄၁၂၃၂၇

နေပြည်တော်လမ်းညွှန် (The Map of Naypyitaw)

နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ နေပြည်တော်အတွင်းရှိ ရုံးများ၊ အိမ်ရာများ၊ အဆင့်မြင့်ဈေးများ၊ မြို့မဈေး၊ သပြေကုန်းဈေး၊ အဝေးပြေးယာဉ်ရပ်နားစခန်းများ၊ ဟိုတယ်များ၊ ဘဏ်များ၊ အဆင့်မြင့်ဂေါက်ကွင်းများနှင့်ပျဉ်းမနား၊ လယ်ဝေး၊ တပ်ကုန်းမြို့နယ်များ၏ အချက်အချာကျသောနေရာများ ဖော်ပြထားသည့် နေပြည်တော်လမ်းညွှန်မြေပုံစာအုပ်အား ၁၅–၂–၂၀၀၇ ရက်နေ့မှစ၍ ထုတ်ဝေရောင်းချနေပြီဖြစ်ပါသည်။ နေပြည်တော် လမ်းညွှန်မြေပုံစာအုပ် (The Map of Naypyitaw) စာအုပ်တစ်အုပ်လျှင် ၂၅၀၀ိ/–နှုန်းဖြင့် အောက်ပါဌာနများတွင် ဆက်သွယ်မှာယူနိုင်ပါသည်–

နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ကော်မတီရုံး – ၀၆၇–၄၁၄၅၉၂၊
စီမံရေးရာဌာန – ၀၆၇–၄၁၄၂၈၉။

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)မှ ရန်ကုန်တိုင်းအတွင်းရှိ သားဖွားခန်းနှစ်ခုသို့ အလှူပစ္စည်းများပေးအပ်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦးနှင့် အမှုဆောင်ညွှန်ကြားရေးမှူးတို့သည် ဖေဖော်ဝါရီ ၁၄ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့ သွားရောက်၍ သားဖွားခန်းသုံးခုတင်နှင့် သားဖွားခန်းသုံး ဆေးပစ္စည်းများကို လှူဒါန်းသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါက်တာသန်းဦးက လှူဒါန်းရခြင်း အကြောင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ်လေးသိန်းတန်ဖိုးရှိအလှူပစ္စည်းများပေးအပ်လှူဒါန်းခဲ့ရာ မင်းကုန်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံသည်။

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လှည်းကူးမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများ၊ လှည်းကူးမြို့နယ် ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဆက်လက်၍ မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းသို့သွားရောက်၍ ငွေကျပ်သုံးသိန်းခွဲတန်ဖိုးရှိ အလှူပစ္စည်းများကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာသန်းဦး ရန်ကုန်တိုင်း လှည်းကူးမြို့နယ် မင်းကုန်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းအတွက် ခုတင်နှင့် ဆေးပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။ (မိခင်/ကလေး)

ရွှေပြည်ဟိန်းဆေးခန်း ဂုဏ်ပြုအခမ်းအနား

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ရန်ကင်းပြည်သာယာ(ကျိုက္ကဆံ တာမွေလေး သံလမ်းအနီး)၌ ဖွင့်လှစ်ထားသော ရွှေပြည်ဟိန်း ကုသိုလ်ဖြစ်ဆေးခန်းတွင် ပါဝင်၍ လုပ်အားဒါနပြုကြသော ဆရာဝန် ၃၀ တို့၏ မိတ်ဆုံတွေ့ဆုံပွဲနှင့် ဂုဏ်ပြုပွဲအခမ်းအနားကို (တပေါင်းလဆန်း ၁၀ ရက်) ဖေဖော်ဝါရီ ၂၅ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေပြည်ဟိန်းကျောင်း၌ ကျင်းပမည်ဖြစ်သည်။ အခမ်းအနားတွင် ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် အစီအစဉ်များကို သတင်းမီဒီယာများမှတစ်ဆင့် အသိပေးကြေညာနိုင်ရန်အတွက်တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားကြောင်း သိရပြီး ဆေးနှင့်အလှူငွေများ ပါဝင်လှူဒါန်းလိုပါက ရွှေပြည်ဟိန်းကျောင်း ဖုန်း–၅၄၁၄၉၃၊ ၀၉၅၁၀၂၁၉၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်္ဃန်းကျွန်းမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ အနာကြီးရောဂါကင်းဝေးရေး အထိမ်းအမှတ်နေ့ အခမ်းအနားကို ဖေဖော်ဝါရီ ၁၆ ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လွင် အဖွင့်အမှာစကားပြောကြားစဉ်။ (က–ပ)

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်း၊ ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း(ရွှေဘုံသာလမ်းနှင့် ၂၈လမ်းကြား)၊ အမှတ်(၅၀၇/၅၀၉)(ညီ)၊ အခန်းအမှတ်(၇)၊ အကျယ် (၂၅ပေX၉၃ပေ)၊ တယ်လီဖုန်းအမှတ်–၃၈၈၀၅၀၊ လျှပ်စစ်မီတာဘောက်စ်တစ်လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ပိုင်ဆိုင်ထားသူ ဦးလှဌေး [နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်–၁၂/ပဘတ(နိုင်)၀၁၈၈၅၇] ကိုင်ဆောင်သူထံမှ အပြီးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်၊အကျိုးခံစားခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်လိုပါက ခိုင်လုံသောတရားဝင်ပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ နှစ်ပတ်အတွင်း နောက်ဆုံးထား၍ အောက်ပါလိပ်စာအတိုင်း ကျွန်ုပ်ထံ လာရောက်တင်ပြကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် ကုန်ဆုံးသည့်နေ့အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးအောင်နိုင်စိုး(LL.B)
အထက်တန်းရှေ့နေ(စဉ်–၂၄၂၂၂)
အမှတ်(၁၄၇၀)၊ ထူပါရုံ(၁၃)လမ်း
အရှေ့ (၁)ရပ်ကွက်၊ သာကေတမြို့နယ်
ဖုန်း–၅၄၇၀၇၆၊ ၀၉–၅၁၂၇၅၆၂

ပျော်ဘွယ်အရှင်ဝိသုဒ္ဓရုံသီ၏ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

မြောက်ဥက္ကလာပမြို့နယ် မယ်လမုဘုရားအနီး ဓမ္မသိင်္ဂီပျော်ဘွယ် ပရိယတ္တိစာသင်တိုက်နှင့် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီ ပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာ ပဓာနနာယက ဂန္ထဝါစကပဏ္ဍိတ သဒ္ဓမ္မဇောတိကဓဇ ဓမ္မကထိက ပျော်ဘွယ်အရှင် ဝိသုဒ္ဓရုံသီသည် ဖေဖော်ဝါရီ ၂၀ ရက် ညတွင် မြောက်ဥက္ကလာမြို့နယ် စာအောင်လက်မှတ်ဆက်ကပ်ပွဲ၊ ၂၂ ရက်နှင့် ၂၃ ရက် ညများတွင် တိုက်ကြီးမြို့ မစိုးရိမ်ကျောင်းတရားပွဲ၊ မတ် ၃ ရက်တွင် ပျော်ဘွယ်မြို့နယ်အသင်း(ရန်ကုန်)၏ ဂုဏဝိသိဋ္ဌတရားပွဲ၊ မတ် ၂၅ရက်မှ ဧပြီ ၁ ရက်ထိ ဒဂုံမြို့သစ်မြောက်ပိုင်း အ–ထ–က(၄) တရားစခန်းပွဲ၊ ဧပြီ ၂ ရက် ညတွင် မင်္ဂလာဒုံမြို့နယ် ပေါက်ကုန်းရပ်ကွက်တရားပွဲ၊ ဧပြီ ၁၃ ရက်မှ ၁၇ ရက်များတွင် မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် ဓမ္မသိင်္ဂီ ပျော်ဘွယ်ပဋိပတ္တိသာသနာ့ရိပ်သာစခန်းပွဲတွင် ဟောကြားပြသမည်ဖြစ်သည်။ (က–ပ)

ရန်ကုန်မြို့ တာမွေမြို့နယ် နှင်းဆီလမ်းနေ မိခင်ကြီး ဒေါ်ခင်ကြွယ်အားအမှူးထားပြီး ဦးအောင်မြင့်–ဒေါ်အေးအေးမိုး၊ သားမောင်မြင့်မြတ်မိုရ်၏ (၂)နှစ်ပြည့် မွေးနေ့အထိမ်းအမှတ် (ကုဋေကြွယ်အထည်ဆိုင်) မိသားစုတို့က တစ်နေ့စာ ဘိုးဘွားများအား အာဟာရကျွေးမွေးရန်နှင့် ဆွမ်းပဒေသာပင် ငွေကျပ်တစ်သိန်းငါးသောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ဝင် ဒေါ်ခင်သန်းချိုထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

တပ်ကုန်းမြို့နယ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကျင်းပ
မြို့နယ်အတွင်း စုစုပေါင်း ၁၁၁၄၉ ဧက စိုက်ပျိုးရန်လျာထားရာ ရည်မှန်းချက်ပြည့်မီရန် ဆောင်ရွက်နေ

နေပြည်တော် ဖေဖော်ဝါရီ ၁၇

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ၂၀၀၇–၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် တပ်ကုန်းမြို့အဝင် စုပေါင်းခြံစည်းရိုးကြက်ဆူပင် ပျိုးဥယျာဉ်၌ ကျင်းပရာ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ တက်ရောက်အားပေးကြပြီး မျိုးစေ့နှင့် ပျိုးအိတ်များကို ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဇော်နှင့် တပ်ကုန်း၊ ပျဉ်းမနားနှင့် လယ်ဝေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ တပ်ကုန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေအောင်က ၂၀၀၇–၂၀၀၈ခုနှစ် တပ်ကုန်းမြို့နယ်အတွင်း ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးရန် လျာထားချက်နှင့် ပျိုးထောင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး၊ ပျဉ်းမနားခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် တပ်ကုန်းတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးစိုးထက်တို့က ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပြည်သူများအတွက် ခြံစည်းရိုးကြက်ဆူပင် မျိုးစေ့နှင့် ပျိုးအိတ်များကို တာဝန်ရှိသူများထံ ပေးအပ်ကြသည်။

ယင်းနောက် တိုင်းမှူးနှင့်ဇနီး၊ တာဝန်ရှိသူများသည် ခြံစည်းရိုးကြက်ဆူပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးထောင် မျိုးစေ့ချပေးကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပျိုးဥယျာဉ်အတွင်း၌ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ စုပေါင်းပျိုးထောင်မျိုးစေ့ချနေမှုများကို လိုက်လံကြည့်ရှုအားပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တပ်ကုန်းမြို့နယ် စုပေါင်းခြံစည်းရိုး ကြက်ဆူပင်ပျိုးဥယျာဉ်၌ ခြံစည်းရိုးကြက်ဆူစေ့ ပျိုး ၁၂၀၀၀၀နှင့် ကိုင်းပျိုး၁၄၀၀၀တို့ကို ပျိုးထောင်ထားရှိပြီး မြို့နယ်အတွင်း စုစုပေါင်း ၁၁၁၄၉ဧက စိုက်ပျိုးရန် လျာထားရာ ရည်မှန်းချက်ပြည့်မီအောင် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပျဉ်းမနားခရိုင် တပ်ကုန်းမြို့နယ် ၂၀၀၇–၂၀၀၈ ခုနှစ် ခြံစည်းရိုးကြက်ဆူပင် စုပေါင်းပျိုးထောင်ပွဲ အခမ်းအနားတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလွင်နှင့် ဇနီး ဒေါ်ဆွေဆွေဦးတို့ ခြံစည်းရိုးကြက်ဆူ ပျိုးကိုင်းများနှင့် မျိုးစေ့များကို ပျိုးထောင်မျိုးစေ့ချပေးကြစဉ်။

(သတင်းစဉ်)

NLD ပါတီ၏ ဆောင်ရွက်ချက်များသည် နိုင်ငံကိုအကျိုးမပြု
နိုင်ငံ၏အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးနေ
NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်မှုမရှိတော့၍
ဘိုကလေးမြို့နယ် NLD ပါတီမှ ပါတီဝင် ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဖေဖော်ဝါရီ ၁၇

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော သံထိုးဝါးကျေးရွာမှ ဦးထွန်းရှင်နှင့် ဦးထွန်းအေး၊ ခရချောင်းကျေးရွာမှ ဦးတင်လှ၊ ဦးနိုင်ဦးနှင့် ဦးအုန်းလှ၊ ဘင်္ဂလားကျေးရွာမှ ဦးလှကြည်၊ စိန်တုံးလှဲကျေးရွာမှ ဦးတင်ရွှေနှင့် ဦးစိုးနိုင်တို့ ရှစ်ဦးသည် ဖေဖော်ဝါရီ ၁၀ ရက်တွင် မိမိတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းများသို့ နုတ်ထွက်လွှာပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဘိုကလေးမြို့နယ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် NLD ပါတီ၏ ဆောင်ရွက်ချက်များသည် နိုင်ငံအကျိုးပြုလုပ်ငန်းများ မဟုတ်သည့်အပြင် နိုင်ငံ၏အကျိုးစီးပွားကို နှောင့်ယှက်ဖျက်ဆီးသည့်လုပ်ရပ် ဖြစ်နေသည့်အတွက် NLD ပါတီနှင့် ပါတီခေါင်းဆောင်များအပေါ် ယုံကြည်အားထားမှု မရှိတော့သဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

ထူးခြားသည့် ညအပူချိန်များ

၁၇–၂–၂၀၀၇

ဟားခါး	—	၂	ဒီဂရီစင်တီဂရိတ်
မိုးကုတ်	—	၃	ဒီဂရီစင်တီဂရိတ်
အမ်း	—	၄	ဒီဂရီစင်တီဂရိတ်
ရန်ကုန်	—	၁၉	ဒီဂရီစင်တီဂရိတ်

တိမ်အသင့်အတင့်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

ကြေးမုံ The Mirror
ဆောင်းပါးအညွှန်း

☆ ဗွီစီဒီအခွေ၌ အဆိုကျော်ကသီဆိုပြီး အမျိုးသမီးငယ်များက ဘောင်းဘီကျပ်ကျပ်နှင့် ရင်လှုပ်တင်လှုပ် သရုပ်ဆောင်ကြပါသည်။ ယင်းသို့သရုပ်ဆောင်ခြင်းသည် တေးသီချင်းနှင့် လုံးဝမလျော်ညီပါ။ တေးပြုဆရာကြီးကိုပင် အားနာလောက်ပါပေသည်။ ဂန္ထဝင်တေးချစ်သူအနေနှင့်လည်း တေးနှင့်လျော်ညီသော သရုပ်ဆောင်မှုမျိုးကိုသာ တွေ့မြင်လိုကြမည်မှာ ဧကန်ဖြစ်ပါသည်။

မေသစ္စာ၏ **"ရုက်ဖို့အလွန်ကောင်းသည်"** (ဆောင်းပါး) စာမျက်နှာ–၆